
ကျတ်ကျန်း
နှင့်
အဝဝယ်ရှူ
သုမနတာသီသက်လွှန်းမြင့်

**ပုံနှိပ်မှတ်တမ်း**
၁၆ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ် (၁၀၀၀)

**ပန်းချီ**
ညီညီ

**တန်ဖိုး (၅၀၀)ကျပ်**

**ထုတ်ဝေသူ**
ဦးအောင်ချိုမြွေး (သိဂီစာပေ) (မြဲ ၀၁၅၄၃)
အခန်း-၁၁၀၊ ၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**အဖုံး/အတွင်း ပုံနှိပ်သူ**
ဦးဝင်းအောင် (Main ပုံနှိပ်တိုက်) (မြဲ ၀၁၁၁၉)
အမှတ်-၁၉၁၊ ၃၉-လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

| | |
|---|---|
| သုတေသီ သက်ထွန်းမြင့် | 398.2 |
| အပါယ်ရှာသို့ တစ်ခေါက်နှင့် တစ္ဆေသရဲဖြစ်ရပ်ဆန်းများ | |
| ဖိုးရာဇာစာပေ၊ ၂၀၁၆၊ ရန်ကုန်။ | |
| ၁၆၀-စာ၊ ၁၂ x ၁၈ စင်တီ။ | |

# အပါယ်ရွာသို့ တက်ခေါက်

နှင့်

# တစ္ဆေသရဲဖြစ်ရပ်ဆန်းများ

---

သုတေသီ သက်ထွန်းမြင့်

*


**ဖြန့်ချိရေး**

ဝိုးရာဇာ စာအုပ်တိုက်

အမှတ်-၂၇၃၊ လမ်း (၄၀) အထက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၃၀၆၇၈၉၆



# မာတိကာ

နိဒါန်း ၇
သို့မဟုတ်
တဖွေသရဲ ဖြစ်ရပ်ဆန်းများ
၁။
အပယ်ရွာသို့တစ်ခေါက် ၁၃
၂။
ကျွန်တော်နှင့်တဖွေမ ၃၇
၃။
ဘိုင်ဘင်ဆရာတော်နှင့် ရက္ခစိုး ၅၁
၄။
သရဲမအိမ်ကြီးရှင် ၆၁
၅။
တဖွေကျိစားခံခဲ့ရသည့်တက္ကစိသမား ၇၅
၆။
လယ်တီပဏ္ဍိတနှင့်ရက္ခစိုး ၉၁

၇။

ကျတ်ရှာမှအပြန် ၉၉

၈။

ဒကွိုဏာရာမဆရာတော်နှင့် ရကွဲစိုး ၁၁၃

၉။

အချစ်နဲ့တစ္ဆေ ၁၂၃

၁၀

ဘုန်းကြီးတစ္ဆေ ၁၃၇

၁၁။

ခွေးသရဲကြီး ၁၅၁

၁၂။

သရဲမကြောက်သော ကျွန်တော် ၁၅၉

သရဲကြောက်သော ကျွန်တော်

၁၃။

နိဂုံး ၁၆၉

ကျွန်တော်နှင့် သရဲတစ္ဆေဝတ္ထုများ

# နိဒါန်း
# သို့မဟုတ်
# သရုပ်တာရှေ့ဖြစ်ရပ်ဆန်းများ



(၁)

ကျွန်တော်က သရဲ၊ တစ္ဆေ ဝတ္ထုများအား လေ့လာ စူးစမ်းသုတေသနပြု၍ ရေးသားနေခဲ့သလို၊ ကျွန်တော့်စာဖတ် ပရိသတ်များမှ သရဲတစ္ဆေအကြောင်း လူကိုယ်တိုင်တစ်မျိုး၊ ဖုန်းနှင့်တစ်မျိုး မေးမြန်းကြသည်။

ကျွန်တော်ကလည်း သရဲတစ္ဆေအကြောင်းများနှင့် ပတ် သက်၍ စဉ်ဆက်မပြတ် လေ့လာသုတေသန ပြုနေသလို မေးသမျှကိုလည်း စိတ်ရှည်လက်ရှည် ဖြေကြားခဲ့ပါသည်။

ကျွန်တော်က ဗုဒ္ဓဘာသာဝင်ပီပီ ၃၁-ဘုံကို ယုံကြည် သလို၊ အပါယ်လေးဘုံကို ယုံကြည်သလို၊ သရဲ တစ္ဆေကို ယုံသောကြောင့် ဖြစ်ပါသည်။

❒

(၂)

လူအများက "သရဲ တစ္ဆေဆိုတာ ရှိလား ဆရာ"ဟု အများဆုံး မေးကြ၏။

မေးသူတိုင်းအား "ခင်ဗျား ဗုဒ္ဓဘာသာလား"ဟု ပြန်မေးခဲ့ပါသည်။ ဒါကလည်း အကြောင်းရှိပါသည်။ ဗုဒ္ဓဘာသာမှန်လျှင် သရဲတစ္ဆေရှိသည်ကို ယုံရမည်။

သံသယရှိစရာ မလို။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘုရားရှင်က "၃၁–ဘုံကို ဟောခဲ့သလို" အပယ်လေးဘုံကို ဟောပြခဲ့၏။

"အပယ်လေးဘုံ"ဟူသည်

၁။ ငရဲ

၂။ တိရစ္ဆာန်

၃။ ပြိတ္တာ

၄။ အသူရကာယ်

ဟု ဖြစ်သည်။

စင်စစ် ပြိတ္တာဟူသည်မှာ ယနေ့ လူငယ်တွေ ခေါ်နေကြသည့် သရဲ တစ္ဆေ မှင်စာ ကျတ် စသည်တို့သည် ပြိတ္တာနွယ်ဝင်များ ဖြစ်သောကြောင့် ဖြစ်၏။

ဤသို့ဆိုလျှင် ကျွန်တော်တို့ သရဲ တစ္ဆေကို ရှိ၊မရှိ ပြောစရာ လိုသေးလား။

အရေးကြီးသည်မှာ ဆန်းစစ်ဖို့ ဖြစ်သည်။

❐

(၃)

ယခု ဤသရဲတစ္ဆေတို့၏ ဖြစ်ရပ်ဆန်း ဝတ္ထုများတွင် "ရက္ခစိုး"များ ပါခဲ့သည်။ သို့ကြောင့် သရဲ တစ္ဆေအကြောင်းတွင် ဘာကြောင့် ရက္ခစိုး ထည့်ရသနည်းဟု မေးကောင်းမေးကြသည်။ စင်စစ် ပြိတ္တာနယ်တွင် ရက္ခစိုးလည်း ပါသည်ကို စူးစမ်းလေ့လာသူတိုင်း သိ၏။

သို့ကြောင့် စာရေးသူ ထည့်သွင်းရေးသားခြင်း ဖြစ်သည်။ မည်သို့ဆိုစေ ထိုအဖြစ်များသည် ဆန်းကြယ်ဖြစ်ရပ်များသာဖြစ်၏။ စာရှုသူအတွက် အကျိုးများစေသဖြင့် ရေးသားရခြင်းဖြစ်သည်။

စာရှုသူများ ငြိမ်းချမ်းပါစေ

**စာဖတ်သူများရဲ့**

**သုတေသီသက်ထွန်းမြင့်**

**ဗိုလ်ရာဇာစာအုပ်**



အပါယ်ရွာသို့တစ်ခေါက်

# (၁)

"အား... အမယ်လေး၊ ကြောက်ပါပြီ"

"ဝူး၊ ဝုန်း"

ကြီးမားသော ခွေးကြီးများနှင့် လူများ...

သူတို့က ခွေးစားခံရသူများ...

သူတို့ကို တွေ့ရသည့်အခါ...

# အပါယ်ရွာသို့တစ်ခေါက်

## (၁)

ရုတ်တရက် ပြောင်းလဲသွားသည့် ကောင်းကင်ပြင် မျက်နှာကို ကြည့်ရင်း စိန်သောင်း သွေးပျက်သလို ခံစားလိုက်ရသည်။

ကောင်းကင်ပြင်ကြီး ပြာလဲ့ ကြည်လင်နေရာမှ ညှို့မှောင်သွားသည်။

လေကလည်း ပထမတော့ ညင်းသွဲ့သွဲ့ရှိ၏။ သို့တစေ ချက်ချင်း လေကကြမ်းလာသည်။

"ဝူး… ဝေါ… ဝေါ"

လေက ကြမ်းလာ၏။

လေက ကြမ်းလာသကဲ့သို့ ငြိမ်သက်နေသည့် ဒရပြင်သည်လည်း လှုပ်ခတ်လာ၏။

ကြည့်စမ်း… ကနဦးကောင်းကင်ပြင်သည် ကြည်လင်နေရာမှ ညှိုမှောင်သွား၏။ လှိုင်းကြက်ခွပ်ကလေးများကလည်း လှိုင်းလုံးကြီးများ ဖြစ်လာ၏။

"ဝုန်း… ဝုန်း"

လှိုင်းတွေက ဘောင်ဘင်ခတ်နေပြီ။

သို့နှယ်ပင်၊ မထင်ဘဲ မိုးကလည်း ဝေါခနဲ ရွာချလေ၏။

ခုတော့ မိုးရွာပုံဟာ ခုတစ်မျိုး၊ ခုတစ်မျိုး ဖြစ်ခဲ့၏။ ကောင်းကင်ပြင်က ပြာလွင့်နေရာမှ ညိုမှောင်သွား၏။

မိုးကလည်း ပထမ ဖွဲဖွဲရွာခဲ့သော်လည်း ချက်ချင်းသဘောထား ပြောင်းသွားသည်လားမသိ။ ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလေ၏။

ဟုတ်ပ၊ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ကြမ်းတမ်းစွာ ရွာလာ၏။ မိုးရွာ လေပါသလို မိုးတစ်ချန်းသံပါ ပါလာ၏။

"ဝုန်း… ဒိုင်း"

ပြီးတော့ လျှပ်နွယ်၊ လျှပ်ပန်းတို့ကလည်း ပြိုးခနဲ ပြက်ခနဲနှင့်။

❒

"ကိုကျော်... မိုးရွာ လေတိုက်ပုံက သိပ်ပြီး ကြောက်စရာကောင်းတယ်"

ဟု မောင်စိန်သောင်းက ပြော၏။

မောင်စိန်သောင်း၊ ကိုကျော်တို့နှင့် အတူပါလာသည်။ ခင်မင်းက ကြောက်စိတ်ကြောင့် မျက်နှာငယ်ကလေးနှင့်ဖြစ်၏။

ကြောက်လည်း ကြောက်နေ၏။ ရေပြင်ကျယ် လှေကလေးပေါ်၌ သူ ဘယ်လိုနေရမည်ကို မသိပြီ။

"သတိတော့ရှိစေနော်၊ ပင်လယ်ဝင်ရင် ဒီလိုအန္တရာယ်ကတော့ ကြုံရစမြဲပဲ"

"ဒါတော့ ကျွန်တော်တို့ သိပါတယ်၊ ကျွန်တော်ကြောက်တာက လှေမှောက်သွားရင် ဘယ်လိုလုပ်မလဲ"

"ရေကူးပြီး အသက်ရှင်အောင် ကြိုးစားရမှာပေါ့"

ခင်မင်းက သက်ပြင်းကို ဟင်းခနဲ ချ၏။

ကိုကျော်နှင့် မောင်စိန်သောင်းက စိတ်ကိုထိန်းကာ သတိနှင့်နေ၏။ ခက်သည်က တဖြည်းဖြည်းနှင့် မိုးကရွာနေသလို လေကြမ်းနေ၏။

လေက ဝုန်းဒိုင်းကြမ်း တိုက်ခတ်နေသလို မိုးရွာ လေကြမ်း၏။ လှိုင်းလေကလည်း ကြမ်းပေ၏။

"ဝေါ"

"ဝုန်း"

လေက တစ်ချက်တိုက်လိုက်သလို လှိုင်းလုံးကြီးက ဝုန်းခနဲ လှေကိုဝင်ဆောင့်လိုက်သဖြင့် လှေက လှိုင်းလုံးနှင့် ရိုက်ကာ ခါထွက်သွား၏။

သို့နှယ်ပင် လှေပေါ်၌ ရှိနေသည့်လူတွေ လွင့်စဉ်ကျသွား၏။

မိုးရွာ၊ လေတိုက်နေသလို လှိုင်းကြမ်းတွေကလည်း လွင့်နေသဖြင့် သူတို့သုံးဦးစလုံး ကသောင်းကနင်း ဖြစ်ကုန်၏။

ကြီးမားသော လှိုင်းလုံးကြီးများကြားတွင် ကူးခတ်ရင်း လူတွေလွင့်သွား၏။ တစ်ယောက်တစ်ကွဲ ဖြစ်သွား၏။

ခက်သည်က ခင်မင်းသည် တံငါအလုပ် လုပ်နေသော်လည်း ရေကူးကျွမ်းကျင်သူ မဟုတ်။ ရေကြောက်သူဖြစ်၏။

သို့ကြောင့် တကယ် ဒုက္ခကြုံသည့်အခါ ကြောက်စိတ်ကြောင့် မိုးထဲလေထဲ ချွေးပျံလာ၏။ အကယ်၍ ခင်မင်းသည် ပျဉ်ချပ်တစ်ခုသာ မတွေ့ခဲ့လျှင် အနိစ္စသဘောနှင့် ကိစ္စချောမည်လား မသိ။

❐

(၂)

ယခု လှိုင်းလေ ငြိမ်သွား၏။

လှိုင်းလေငြိမ်သက်သွားတော့ ခင်မင်း မောနေပြီ။ ဖျတ်ခနဲ သတိဝင်လာပြီဖြစ်၏။

သည်တော့ သူ ကမ်းတစ်နေရာသို့ ရောက်နေပြီ။ သူ့အနီးတွင် ကိုကျော် မရှိတော့သလို ကိုစိန်သောင်းလည်း မရှိတော့။ သူ တစ်ယောက်တည်း။

"ဟင်... ငါ ဘယ်ရောက်နေလဲ၊ ဒီနေရာကို ငါ မရောက်ဖူးပါဘူး၊ သူ... သူတို့ကော ဘယ်ရောက်သွားပြီလဲ"

"ငါ... ငါ ဘာဆက်လုပ်ရမလဲ"

သူ စဉ်းစားရင်း ကမ်းပေါ်သို့ တက်ခဲ့သည်။

ဒီအတိုင်း ရပ်နေ၍လည်း မဖြစ်သဖြင့် ဆက်လျှောက်ခဲ့သည်။

တောတန်းတစ်ခုကို တွေ့ခဲ့၏။

သူ တောတန်းကို ဖြတ်ခဲ့သည်။

တောတန်းသည် ရှည်လျား၏။ တောတို့သည် စိမ်းညို့နေ၏။ တောတွင်းသို့ဖြတ်လျှင် ကျေးငှက်သာရကာတို့၏ အော်မြည်သံ ကြားရ၏။

သို့နှင့် ခင်မင်း တောတန်းကို လွန်ခဲ့၏။

တောတန်းကိုလွန်လျှင် ရွာတစ်ရွာကို တွေ့ရ၏။ ရွာက ရွာတန်းရှည်ဖြစ်၏။

အိမ်ခြေကလည်းများပါ့။ သစ်ပင်ကြီးများရှိပြီး ခက်လက်ဝေဖြာနေ၏။

ခင်မင်း ရွာထဲသို့ ဝင်ခဲ့၏။

သို့နှင့် ရွာလယ်လမ်းနံဘေးရှိ အိမ်တစ်အိမ် အနားသို့ အရောက် သူ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရ၏။

သည်အခါ သူ များစွာ အံ့ဩရ၏။

"သူ… သူ…"

ခင်မင်း စိတ်ထဲ တစ်စုံတစ်ခုသော ခံစားမှုကို ခံစားရ၏။ သူမြင်တွေ့လိုက်ရသော သူအတွက် ဖြစ်၏။

သူ မြင်တွေ့လိုက်ရသူက သူ အလွန်ချစ်ခဲ့သောသူ ဖြစ်၏။ သူ့အမည်က "သွယ်သွယ်"ဖြစ်၏။

သူသည် သွယ်သွယ်ကို တွေ့ရလျှင် စိတ်ထဲ၌ ဇဝေဇဝါလည်း ဖြစ်သွား၏။ မယုံကြည်နိုင်လောက်အောင်လည်း ခံစားရ၏။

အဘယ်ကြောင့်ဆိုသော် သွယ်သွယ်သည် သူချစ်ရသူ။ သူတို့နှစ်ဦး လက်ထပ်ခါနီး၌ သွယ်သွယ်သည် ပိုးထိသေဆုံးသွားခဲ့၏။

ယခု သူ သွယ်သွယ်နှင့် ပြန်ဆုံရပြန်ပြီ။

သွယ်သွယ် သေရွာက ပြန်ခဲ့သည်လား။

သွယ်သွယ်ကမူ သူ့ကို မတွေ့သေး။ တည်ငြိမ်စွာ လျှောက်သွားနေဆဲ။

ခင်မင်း သွယ်သွယ့်နောက်သို့ လိုက်သွားပြီး သွယ်သွယ့်ရှေ့တွင် ပိတ်ရပ်လိုက်၏။

"သွယ်... သွယ်သွယ်"

သူ တမ်းတမ်းတတ ခေါ်လိုက်၏။

သူ့ခေါ်သံနှင့်အတူ သွယ်သွယ်က သူ့အား ဆတ်ခနဲ ကြည့်လိုက်၏။

သွယ်သွယ် ကိုယ်တိုင်လည်း အံ့သြသွားပုံရ၏။

တအံ့တသြနှင့်...

"ဟင်... ကိုခင်"

ဟု တတမ်းတတ ခေါ်လိုက်ပြီး ခင်မင်းအနားသို့ ရောက်လာ၏။

"ကို... ကိုခင်ရယ်၊ သွယ်တို့ ပြန်ဆုံရပြီနော်၊ သွယ် ဝမ်းသာလိုက်တာ"

ဟု ပြော၏။

တစ်ဦးလက်ကို တစ်ဦး ကြင်နာယုယစွာ ဆုပ်ကိုင်ထားရာမှ တစ်ဦးကိုတစ်ဦး ကြင်နာစွာ ထွေးဖက်လိုက်၏။

"ကိုခင်ရယ်... သွယ်သွယ်တို့ ခုလိုပြန်ဆုံရမယ်လို့ မထင်ဘူး၊ ခုလို ပြန်ဆုံရတော့ သွယ် ဝမ်းသာတယ်"

"သွယ်... သွယ်... မသေဘူးနော်၊ သွယ် သေသွားပြီဆိုတာ အိပ်မက်ပေါ့နော်"

သွယ်သွယ်က ပြုံးပြီး... "ကဲပါ ကိုခင်ရယ်၊ ဝမ်းနည်းစရာတွေ တွေးမနေပါနဲ့၊ သွယ်တို့ ပြန်ဆုံတုန်း ပျော်ပျော်နေရအောင်နော်"ဟု ပြော၏။

"သွယ်ရယ်"

❐

(၃)

သွယ်သွယ်က ရွာ၏အလယ်တွင်ရှိသည့် အိမ်သို့ခေါ်သွား၏။

သွယ်သွယ်က ကိုခင်မင်း အလွန်တရာချစ်သူ ဖြစ်ပြီး မမျှော်လင့်ဘဲ သေဆုံးသွားတော့ ရင်နင့်အောင်၊ အသည်းတွေကြေပြုန်းအောင် ခံစားရ၏။

ယခု မမျှော်လင့်ဘဲ ပြန်ဆုံရတော့ ဝမ်းသာပျော်ရွှင်ရ၏။

စောစောက လေကြီးမိုးကြီးကျပြီး အပေါင်းအဖော်တွေနဲ့ ကွဲရတော့ ကြေကွဲအားငယ်ရသလောက် ချစ်သောသွယ်သွယ်နှင့် ပြန်ဆုံရတော့ ကျေနပ်ပျော်ရွှင်ရ၏။

သွယ်သွယ်ကလည်း သူ့ကို ကောင်းစွာ ချက်ပြုတ်ကျွေးမွေး၏။ ကြင်နာယုယစွာ ပြုစုခဲ့၏။

သွယ်သွယ်က...

"ကိုခင် ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲဟင်"

ဟု မေး၏။ ခင်မင်းက အကျိုးအကြောင်းစုံကို ပြောပြ၏။ "ဟုတ်တယ် သွယ်သွယ်၊ အစကတော့ ဒီလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းဘူး၊ အခု သွယ်သွယ်နဲ့ ပြန်ဆုံရတော့ ဒီလိုကြုံတွေ့ ဖြစ်ပျက်ခဲ့ရတာကိုလည်း ကိုခင် ကျေနပ်တယ်၊ ကိုခင် သွယ်သွယ့်ကို မခွဲဖူး၊ တစ်သက်လုံး ပျော်ပျော်နေတော့မယ်၊ သွယ်သွယ်လည်း ပျော်တယ် မဟုတ်လား"ဟု မေးလိုက်၏။

"ကိုခင်ရယ် ဘယ်လိုမေးလိုက်တာလဲ၊ သွယ်သွယ်က ကိုခင့်ကို အသက်လောက် ချစ်ခဲ့ရသူပါ၊ သွယ်သွယ်လည်း ကိုခင့်ကို မခွဲချင်ပါဘူး"

"ဒါဖြင့် ကိုခင်တို့ မခွဲကြဘူးနော်"

"စိတ်ချပါ ကိုခင်ရယ်"

တစ်ဦးကိုတစ်ဦး ကြင်နာစွာ ထွေးဖက်လိုက်၏။

ပြီးတော့ သူတို့နှစ်ဦးသည် ကြင်နာယုယခြင်း၊ ချစ်ခြင်းနှင့် ပျော်မဆုံးနိုင်ခဲ့ပြီ။

❐

ခင်မင်း ဖျတ်ခနဲ လန့်နိုးခဲ့၏။

တောင်စွယ်၌ နေဝင်တော့မည် ဖြစ်၏။ ပတ်ဝန်းကျင် တစ်ခို၌ အလင်းရောင်တို့ ကွယ်ပျောက်ပြီး အမှောင်တို့ကျူး ရောက်လာ၏။

လေအေးက ဝှေ့တိုက်နေ၏။

အခန်းထဲသို့လည်း အမှောင်က ကျူးဝင်စပြုပြီဖြစ်၏။ သွယ်သွယ်က မီးအိမ်နံဘေး၌ ထိုင်ကာ အလှပြင်နေ၏။

ထိုစဉ်...

"လာကြဟေ့... လာကြဟေ့"

ဟု အပြင်ကခေါ်သံ ကြားရ၏။ အပြင်ကို ထွက်ကြည့် လိုက်တော့ လူအုပ်ကြီး လာနေပြီ၊ တစ်စုံတစ်ဦးက အော်ဟစ် နေသည်ကို တွေ့၏။

သွယ်သွယ်က ကပျာကယာ အဝတ်အစားလဲ၏။

ခင်မင်းဘက်သို့ လှည့်ကြည့်ပြီး "နေခဲ့ဦးနော်၊ သွယ် သွယ်တို့ ကိစ္စရှိသေးလို့ သွားရဦးမယ်"ဟု ပြော၏။

"ဘာကိစ္စလဲ၊ ဘယ်သွားမှာလဲ"

ဟု ခင်မင်းက မေး၏။

"မသိချင်ပါနဲ့ ကိုခင်၊ ကိုခင်သာ စိတ်အေးချမ်းသာ အိပ်နေခဲ့ပါ၊ သွယ်တို့ ပြန်လာမှာပါ"

သွယ်သွယ်သည် ဤသို့ပြောပြီး အဝတ်အစားဝတ်၏။ ပြီးနောက် လူအုပ်နောက်သို့ ပြေးလိုက်သွားကြ၏။

လူအုပ်ကြီး ရွာမှထွက်သွား၏။ ထိုသို့ လူတွေထွက်သွားတော့ တစ်ရွာလုံး တိတ်ဆိတ်သွား၏။ အမှောင်နှင့်တိတ်ဆိတ်မှုက ကြီးစိုးနေ၏။

ဤသို့ဖြင့် ညကို ရောက်ခဲ့ပြီး ညကုန်လွန်ခြင်းကို ပြီးပြည့်စုံခဲ့၏။

သူလည်း သို့ဖြင့် အိပ်ပျော်သွားလေ၏။

❐

(၄)

နံနက်ခင်း နေရောင်ခြည် ဝင်းလက်လာ၏။

ရောင်ခြည်ဝင်းလက်ခြင်းနှင့်အတူ ခင်မင်းနိုးထဲခဲ့သလို သွယ်သွယ်နှင့် ရွာသားများသည် ပြန်ရောက်လာ၏။

အားလုံးက လုပ်စရာ အလုပ်လုပ်ကြ၏။

"ညက သွယ်တို့ ဘယ်သွားကြတာလဲ"

ခင်မင်းက မေး၏။

"အကြောင်းရှိလို့ပေါ့ ကိုခင်ရယ်၊ ဘာလို့သိချင်နေတာလဲ၊ ကိုခင် အိပ်စောင့်နေပါ။ ကိုခင့်ကို ဘယ်သူမှ ဒုက္ခမပေးပါဘူး"

ဟု ပြော၏။ သွယ်သွယ့် စကားဆုံးလျှင် ခင်မင်း သက်ပြင်းကို ချလိုက်၏။

မိမိကို ဒုက္ခမပေးမှန်း သိသော်လည်း သူ မကျေနပ်နိုင်။

တစ်ရွာလုံးနီးနီး လူအုပ်ကြီး မိုးချုပ်လျှင် ရွာကထွက်သွားပြီး မိုးလင်းမှ ပြန်လာသည်မှာ ဘာလဲ၊ ဒါက အကြောင်းတစ်ခု ဖြစ်မည်။

ဒီအကြောင်းကို သူ သိချင်၏။

မေးသော်လည်း သွယ်သွယ်က မဖြေချေ။

ညဆို သွယ်သွယ်တို့တစ်သိုက် ရွာမှထွက်သွားကြသည်မှာ တစ်ညမဟုတ်။ နေ့တိုင်းဖြစ်သည်။ ဒီလူသိုက်က တစ်ရွာလုံးလား။

သူက မေးမရတော့ မမေးတော့။ သို့သော် စူးစမ်းရန်မူ ဆုံးဖြတ်လိုက်၏။

မိုးချုပ်လျှင် "လာကြဟေ့... လာကြ"ဟု ခေါ်သံပေါ်လာသလို၊ သွယ်သွယ်က အပြေးလိုက်သွားသည်။

သည်ညတော့ ညအတော်ညဉ့်နက်လျှင် မအိပ်ဘဲ အိမ်ပေါ်မှ ဆင်းခဲ့သည်။ ရွာထဲ အခြေအနေကို လိုက်ကြည့်သည်။ ရွာထဲ၌ ဘယ်သူမှမတွေ့၊ တစ်ရွာလုံး သွားကြတာ ဖြစ်မည်ဟု သိလိုက်၏။

"တစ်ရွာလုံး သွားကြတာပဲ၊ သူတို့ ဘယ်သွားကြတာလဲ"

သူ့ကိုယ်သူ မေးသော်လည်း အဖြေမရခဲ့။

ဤသို့ဖြင့် တစ်ည ကုန်ခဲ့သည်။ သူက ညဘက် တစ်ရွာလုံး သွားသည်ကို သိသော်လည်း သူက မမေးတော့။

သူကိုယ်တိုင် အဖြေရှာမည်ဟု ဆုံးဖြတ်လိုက်ပြီ။

❒

"လာကြဟေ့… လာကြဟေ့"

နှိုးဆော်သူက ထုံးစံအတိုင်း နေဝင်မိုးချုပ်သည်နှင့် ရွာထဲလှည့်ကာ နှိုးဆော်၏။ နှိုးဆော်သံနှင့်အတူ[illegible]သားများ အလျို အလျို အိမ်တွင်းမှထွက်ကာ နှိုးဆော်သူနှင့်အတူ ရွာပြင်သို့ ထွက်သွား၏။

ခင်မင်းသည် သွယ်သွယ် ချက်ပြုတ်ထားသည့် ထမင်းကိုစားပြီး ခေတ္တမျှ မှိန်းနေ၏။ သူ့စိတ်ထဲမှာ သည်နေ့ သွယ်သွယ့်ကိစ္စကို စူးစမ်းမည်ဟု ဆုံးဖြတ်ထား၏။

ပထမတစ်ခါ သူ စူးစမ်းမှုတစ်ခုကို ပြုခဲ့၏။ အခြားမှု မဟုတ်။

ရွာထဲမှ လူအများ စုဝေးသွားကြသည်မှာ မှန်သော်လည်း အကုန်လုံး သွားသည်လား၊ တချို့တဝက်သွားသည်လား သိရန်ဖြစ်၏။

သူ စူးစမ်းကြည့်သောအခါ ရွာထဲ၌ တစ်ယောက်မှ မကျန်ပဲ ရွာလုံးကျွတ် သွားသည်ဟု သိရ၏။ ရွာထဲ၌ သက်ငယ်၊ သက်ကြီး မည်သူမျှ ကျန်ခဲ့သည် မရှိချေ။

ရွာလုံးကျွတ် မိုးချုပ်လျှင် ထွက်သွားပြီး မိုးလင်းမှ ပြန်လာကြခြင်းသည် ထူးခြားသည်မှာ အမှန်ဖြစ်၏။ ဘယ်လို ထူးခြားမှုဟူသည် မသိ။

ဒါကို သူ စူးစမ်းရန် ဆုံးဖြတ်ခဲ့၏။

ယနေ့ပင် သူ စူးစမ်းတော့မည်။

ညသည် တဖြည်းဖြည်း နက်ရှိုင်းလာ၏။

ညသန်းခေါင်ချိန်လောက် ရောက်လျှင် သူ အိမ်မှထွက်ခဲ့၏။ သွယ်သွယ်နှင့် ရွာသူရွာသားများ ဦးတည်ထွက်သွားသည့် နောက်ဘက်ဆီသို့ လျှောက်ခဲ့၏။

အတော်ကြာကြာကလေး လျှောက်မိလျှင်...

"အမယ်လေး... ကြောက်ပါပြီ"

"ဂူး... ဝုန်း"

"အား"

ကျယ်လောင်သော အသံများကို ကြားရသဖြင့် သူ အံ့သြထိတ်လန့်သွားသလို အသံလာရာဘက်သို့ ကြည့်ရန် နားစွင့်လိုက်၏။

အသံသည် ကမ်းပါးယံအောက်ဆီမှ ဖြစ်၏။

သူ ကမ်းပါးယံနားသို့ကပ်ကာ ကြည့်လိုက်၏။ သည်အခါ မြင်ကွင်းကို ပီပီပြင်ပြင် ဖြတ်သားစွာ တွေ့ရ၏။

ကြီးမားသော ခွေးကြီးများက လူများအား စားနေသည့် မြင်ကွင်းဖြစ်၏။ အချို့က မာန်ဖီနေသော ခွေးကြီးများအေးမှလွတ်ရန် ပြေးနေ၏။

သို့သော် လွတ်သည်မရှိ။

မလွဲမသွေ ခွေးစားခံနေရ၏။

သူသည် ကြည့်ရင်း ကြည့်ရင်း စိုးရွံ့လာသလို၊ ခွေးစားခံနေရသူများသည် သွယ်သွယ်တို့ ရွာသူရွာသားများ ဖြစ်နေခြင်းဖြစ်သည်။

"သူတို့က ဘာတွေလဲ၊ ဘယ်လိုဖြစ်တာလဲ"

ဟု စဉ်းစား၏။

ထို့နောက် သူသည် ရွာသို့ပြန်ခဲ့၏။

❒

(၅)

နံနက်မိုးသောက် အလင်းရောက်လျှင် သွယ်သွယ်နှင့် ရွာသူ ရွာသားများ ပြန်လာကြ၏။

သူတို့အားလုံးသည် ကြည်နူးရွှင်ပျနေကြ၏။

သွယ်သွယ်က ခင်မင်းကို တွေ့လျှင်…

"ကိုခင် ညက အိပ်ပျော်ရဲ့လား"

ဟု မေး၏။

"အိပ်မရပါဘူး သွယ်ရယ်၊ အိပ်မရလို့ အပြင်ထွက်ကြည့်တော့ တစ်နေရာရာမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို တွေ့ရတယ်"

သွယ်သွယ်က သူ့ကိုကြည့်ပြီး "ဘာများတွေ့ခဲ့လို့လဲ ကိုခင်"ဟု မေး၏။

"တခြားတော့ မဟုတ်ပါဘူး သွယ်ရယ်၊ ကမ်းပါးယံ အောက်က ချောက်တစ်ခုထဲမှာ လူတွေ ချွေးစားခံနေရတဲ့ မြင်ကွင်းပေါ့ သွယ်ရယ်"

ဟု ပြောလိုက်လျှင် သွယ်သွယ့်မျက်နှာ ကွက်ခနဲပျက်သွား၏။

"ကိုခင်... သွယ့်ကို တွေ့လား"

ဟု မေး၏။

"သွယ့်ကို မတွေ့ပေမယ့် ဒီချွေးစားခံနေရတဲ့ လူတွေဟာ သွယ်တို့ရွာသားတွေဆိုတာ သိတယ်၊ ကိုခင့်ကို ပြောပါသွယ်၊ သွယ်တို့ ဒီလို ဘာဖြစ်လို့ ဖြစ်နေရတာလဲ"

သည်တော့ သွယ်သွယ်က သက်ပြင်းမောကို ဟင်းခနဲချပြီး မျက်ရည်လည်ရွဲနှင့် ကိုခင်မင်းကို ကြည့်၏။

ပြီးမှ...

"ဟုတ်တယ် ကိုခင်၊ ဒါဟာ သွယ်တို့ ရွာသားတွေပဲ၊ သွယ်လည်း ပါတယ်"

"ဘာ..."

"သွယ် မလိမ်ချင်ဘူး ကိုခင်၊ သွယ်ဟာ ကိုခင့်ဇနီး မှန်ပေမယ့် သေလွန်ပြီးတဲ့နောက်ပိုင်း နေ့စံ၊ ညခံ

ပြိတ္တာဘဝ ရောက်နေရတယ်၊ နေ့မှာ လူသားလို ခံစား ပျော်ရွှင်နေရပေမယ့် ညဆို ကိုခင် တွေ့ခဲ့တဲ့နေရာ သွားပြီး ခွေးစားခံနေရတယ်"

"အို... သွယ်ရယ်"

သည်တော့ ကိုခင်မင်း စိုးရွံ့သွား၏။ နေလည်း မနေ ဝံ့တော့ပြီ။

သူက လူသားဖြစ်သလို သွယ်သွယ်က နေ့စံ၊ ညခံ တစ္ဆေသရဲဘဝ ရောက်နေသူ။

ဘဝချင်း မတူကြပြီ။

ခင်မင်းက သက်ပြင်းရှိုက်ပြီး...

"ကိုယ် သွယ့်ကို ချစ်ပါတယ်၊ ဒါပေမဲ့ သွယ်နဲ့ ကိုခင် ဟာ ဘဝမတူကြတော့ အတူမနေသင့်သလို ကိုခင် လည်း မနေဝံ့တော့ဘူး၊ ကိုခင့်ကို ခွင့်လွှတ်ပါ၊ ကိုခင် ပြန်ပါရစေ သွယ်"

ဟု ပြောသဖြင့် သွယ်သွယ်က မျက်ရည်လည်ရွဲနှင့် ကိုခင်မင်းကို ကြည့်ပြီး "ခွင့်လွှတ်ပါတယ်ကိုခင်ရယ်၊ ကိုခင့် ကို သွယ် ချစ်ပေမယ့် ဘဝမတူတော့ ကြည်ဖြူဖို့ခက်တာ သွယ် သိပါတယ်၊ သွယ် မတားရက်ပါဘူး၊ ပြန်ပါ ကိုခင်၊ ကိုခင် ရွာကိုပြန်ရောက်ရင် သွယ့်ဘဝ ကျွတ်လွတ်ဖို့ ဆရာ

တော်တွေဆီမှာ ဆွမ်းကပ် အမျှပေးဝေပေးပါ၊ ကိုခင် ကုသိုလ် ပြုသမျှ အမျှဝေပေးရင် သွယ် ကျွတ်လွတ်ရမှာပါ”ဟုပြော၏။

“စိတ်ချပါ သွယ်ရယ်၊ ကိုခင် ကတိပေးပါတယ်”

ထို့နောက် ကိုခင်မင်း ပြန်ခဲ့၏။

သွယ်သွယ်နှင့် ရွာသားများက ရွာထိပ်ထိ လိုက်ပို့ပေး ကြ၏။

သူသည် သွယ်သွယ် ညွှန်ပြသည့် လမ်းအတိုင်း ပြန် ခဲ့ရာ မကြာမီ မိမိ၏ရပ်ရွာသို့ ပြန်ရောက်ခဲ့၏။

ကိုခင်မင်းသည် နေ့စံ ညခံဖြစ်သည့် သရဲတစ္ဆေများ ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရသူ ဖြစ်သဖြင့် သူတို့၏ဒုက္ခကို ကြောက်ရွံ့ထိတ်လန့်မှုလည်း ဖြစ်ခဲ့၏။

ထို့ကြောင့် ကိုခင်မင်းသည် ရွာသို့ပြန်ရောက်လျှင် သွယ်သွယ် မှာလိုက်သည့်အတိုင်း ကုသိုလ်အမှုကိုပြု၍ သွယ် သွယ်နှင့်တကွ ပြိတ္တာတို့အား အမျှပေးဝေခဲ့၏။

ယင်းကဲ့သို့ပင် ကိုခင်မင်း ကိုယ်တိုင်လည်း လူ့ဘဝ လူ့ဘောင်ကို ကြောက်ရွံ့သဖြင့် လူဝတ်ကြောင်ကို စွန့်ကာ သာသနာ့ဘောင်သို့ ဝင်ခဲ့၏။

ကိုခင်မင်းသည် ဘုန်းကြီးဝတ်ပြီးလျှင် အသားလည်း မစားတော့။ သစ်သီးသစ်ရွက်တို့ကိုသာစား၍ အကျင့် စာရိတ္တ

နှင့် ပြည့်စုံစွာ နေခဲ့သဖြင့် အကျင့်စရဏပြည့်စုံသူအဖြစ် ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့လေသတည်း။

စာကိုး – အရှင်ဇနကာဘိဝံသ၏
“နောက်သုံးဆယ် မြတ်ဗုဒ္ဓ”မှ

**စာဖတ်သူများရဲ့**
**သုတေသီသက်ထွန်းမြင့်**



ကျွန်တော်နှင့် တစ္ဆေမ

(၂)

"ဟုတ်တယ် သား…
မနေ့က မြေးကလေးဆုံးတာ တစ်လပြည့်ပြီ
"မေတ္တာပေါင်းကူးတံတားမှာ
ကားချင်းတိုက်ပြီး ဆုံးသွားတယ်"
ကျွန်တော် ဘာပြောရမည်မသိ။
ဤသို့ဆိုလျှင်…
ညက ကျွန်တော်တွေ့ခဲ့သည့်
နန်းကေရီမြိုင်သည်…
"တဆွေမ… တဆွေမ"

# ကျွန်တော်နှင့် တစ္ဆေမ

## (၁)

ကျွန်တော့်ကို အဆွေအမျိုးတွေက ခြေသလုံးဗွေပါသူ ဟု ပြောကြသည်။ တကယ်ဆိုရင် ပြောလည်း ပြောစရာဟု ဆိုရမည်။

ကျွန်တော်က ဘယ်နေရာမှ အတည်တကျ၊ အငြိမ် နေသူ မဟုတ်။ ဟိုသည် သွားနေရမှ ကျေနပ်သည်။

ယခုလည်း ကျွန်တော် နေ့ခင်းကမှ ဟင်္သာတသို့ရောက် ခဲ့ပြီး ချက်ချင်း စိတ်ကလွင့်ကာသွား၏။ ညောင်ပင်သာသို့ သွားလိုစိတ် ဆန္ဒပြင်းပြ၏။ ဟင်္သာတမှ မိတ်ဆွေများကမူ...

"ကျွန်တော်တို့ကတော့ ဆရာ အခု ညောင်ပင်သာကို မသွားစေချင်ဘူး၊ မသမာသူ အန္တရာယ်ရှိလို့ မဟုတ် ဘူး၊ ခက်တာက..."

"မကောင်းဆိုးဝါးရှိတဲ့ သရက်တောကို ဖြတ်ရရင် မကောင်းဘူးလို့ ပြောမလို့ မဟုတ်လား"

သက်ပြင်းရှိုက်သည်။

မည်သည့်စကားမျှမှ မပြောတော့ပါ။ ကျွန်တော်က လည်း ဘာမျှမပြောတော့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန် တော်က ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် မပြင်တတ်သော ကြောင့်ဖြစ်သည်။

"ကိစ္စမရှိပါဘူး၊ သရဲတစ္ဆေဆိုတာက လူကဖြစ်တာ လေ၊ ကိုယ်လည်း စွဲလမ်းမှုနဲ့ သေရင် သရဲဖြစ်ချင် ဖြစ်မှာ"

"ဆရာပြောတာ မှန်ပါတယ်"

ထို့နောက် ကျွန်တော်တို့ စကားဝိုင်းသည် မည်သို့မျှ ညှိနှိုင်းတိုင်ပင်ခြင်း မရှိပါဘဲလျက် အလိုလို တိတ်ဆိတ်ငြိမ် သက်သွားကြ၏။

ဤသို့ဖြင့် ညနေစာ စားပြီးလျှင် ကျွန်တော် ဟိန္ဒားမှ မိတ်ဆွေအပေါင်းအသင်း ရှောင်းရင်းများအား နှုတ်ဆက်ကာ ညောင်ပင်သာသို့ ထွက်ခဲ့သည်။

❐

(၂)

ညောင်ပင်သာနှင့် ဟိန္နားခရီးသည် ဝေးကွာလွန်းလှသည့် ခရီးမူ မဟုတ်။

လမ်းက လမ်းဆိုးမဟုတ်။

ဖြူးနေသည်။ ကတ္တရာလမ်းမရှိသည်။ လမ်းဘေးတစ်က်တစ်ချက်၌ ကုက္ကိုပင်များရှိသည်။

တစ်ခုရှိသည်က သရက်တောကို ဖြတ်ရခြင်းပင်။ သရက်တောသည် မိုင် ၁၀၀ ခန့်ရှည်၏။

ထိုသရက်တောအား ကျွတ်ကုန်းဟု ဆိုကြ၏။ ကျွတ်ကုန်းနှင့် ပတ်သက်၍ ပုံပြင်ဆန်ဆန် အကြောင်းများရှိခဲ့သည်။ ဘုန်းတော်အပေါင်းအသင်းများထဲ၌ ကိုယ်တွေ့ကြုံသူများရှိခဲ့၏ ။

(အလျဉ်းသင့်လျှင် ရေးပြပါမည်)

ကျွန်တော် သရက်တောကို ဖြတ်တော့ ညခုနစ်နာရီ ခန့်ရှိပြီ။ ကျွန်တော် ကားကို တည်ငြိမ်စွာ မောင်းလာခဲ့၏။

ကံကောင်းသည်က ပြဿနာမရှိခဲ့။

ဘာအရိပ်အယောင်မျှ မတွေ့ရချေ။ သို့ကြောင့် သရက်တောလွန်တော့ ကျွန်တော် သက်ပြင်းချနိုင်ခဲ့၏။

သရက်တောလွန်လျှင် ရာသီဥတုက ဖောက်ပြန်လာ၏။ ကောင်းကင်ပြင်သည် ကြည်လင်ပြာလဲ့ပြီး ကြယ်ကုဋေကုဋာ ထွန်းပနေရာမှ ချက်ချင်း ကြယ်တွေ ပျောက်ကုန်သည်။

ကောင်းကင်ပြင်သည် ညှိုမည်းသွား၏။

"ဝုန်း.... ဂျုံး"

မိုးထစ်ချုန်းသံတွေ ကြားရ၏။ ကောင်းကင်မှ မိုးစက်မြားအစင်းပေါင်းများစွာနှင့် ပစ်လွှတ်လိုက်သလို မိုးစက်တွေ ကျလာ၏။

ရေစက်တွေက ရှေ့မှန်တွင် ထင်းနေပြီ။ ကျွန်တော် ရေသုတ်တန်ဝိုက်ဘာကို ဖွင့်လိုက်၏။ ကားမီးရောင်ကြောင့် မေတ္တာပေါင်းကူးတံတားကို မြင်ရပြီ။

တံတားအောက်၌ ရေတို့ တသွင်သွင် စီးနေသည်။

ကျွန်တော် အရှိန်ထိန်း၍ မောင်းခဲ့၏။ မေတ္တာပေါင်းကူးတံတားကို ခပ်ဖြည်းဖြည်း ဖြတ်ခဲ့၏။

သို့နှင့်...

တံတားအလွန် ကိုက်(၂၀)ခန့်သို့ အရောက် ကျွန်တော် ကားဘရိတ်ကို နင်းလိုက်မိ၏။

"ကျွီ"

ကားဘီးနှင့် ကတ္တရာလမ်းမ ပွတ်တိုက်သံ ကျယ်လောင်စွာ ပေါ်လာခဲ့၏။

ကျွန်တော် ကားဘရိတ်ကို အလောတကြီး နင်းလိုက်သည်မှာ အခြားကြောင့် မဟုတ်။ လမ်းချိုးတစ်ခုမှ မိန်းကလေးတစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ကျွန်တော် ကားရပ်လိုက်လျှင် သူမက စွေခနဲကြည့်၏။

ကျွန်တော်လည်း သူ့ကို ကြည့်လိုက်၏။ သူမက နုနယ်ပျိုမျစ်သည့် အသွင်ရှိသည်။ အသက် ၂၅ နှစ်ကျော်ပုံ မရသေး။ ဖြူဖွေး နုထွတ်သည့် အဝတ်အစားတို့အောက်မှ သူ ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်မှုကို တွေ့ရ၏။

သူ့လက်ထဲ၌ ပန်းဆီသွေးဂျာကင်တစ်ထည် ကိုင်ထား၏။ သူ့မျက်နှာပေါ်၌ စိုးရွံ့သည့် အသွင်ရှိ၏။

"မင်းကိုယ့်ဆီက ဘာအကူအညီလိုလဲ"

ဟု မေးလိုက်မိသည်။

"ကျွန်မ သစ်ခွမြို့ကို သွားချင်လို့ပါ၊ ကျွန်မကို လိုက်ခွင့်ပြုနိုင်မလား"

ကျွန်တော် ပြုံးလိုက်၏။ ပြီးမှ…

"ဒီကိစ္စက ကိုယ့်အတွက် အပန်းမကြီးပါဘူး၊ ခရီးသွားဟန်လွှဲ အကူအညီပေးရတာလေ၊ အရေးကြီးတာက မင်းပါ"

သူမက စွေ့ခနဲ ကြည့်ပြီး…

"ကျွန်မက…"

"ဟုတ်တယ်၊ မင်း ကိုယ့်ကို ယုံနိုင်မယ်ဆိုရင် အပန်းမကြီးပါဘူး"

"ကျွန်မ ယုံပါတယ်"

"ဒါဆို မင်းလိုရာ ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲ"

သူမ ကားပေါ်တက်သည်။ သူမ ကားပေါ်သို့ရောက်လျှင် ကားမောင်းထွက်ခဲ့၏။

❐

(၃)

မေတ္တာပေါင်းကူးတံတားနှင့် သစ်ခွမြိုင်သည် ဝေးလှသည်မဟုတ်။

စင်စစ်မူ သစ်ခွမြိုင်သည် လမ်းတစ်လမ်း ဖြစ်၏။ သစ်ခွမြိုင်လမ်းသည် သစ်ခွမြိုင်စံအိမ်ကို အစွဲပြု၍ သစ်ခွမြိုင်ဟု ခေါ်ခြင်းဖြစ်၏။

ဘာကြောင့်မူ မသိ။

သူမ သစ်ခွမြိုင်လမ်း ဘယ်နေရာတွင် နေသည်ကို သိချင်နေ၏။ သူမသည် ဘိလက္ခု လူတန်းစားထဲမှ မဟုတ်သည်ကတော့ သေချာသည်။

သစ်ခွမြိုင်လမ်းကို ရောက်လုပြီ။

လမ်းကို လှမ်းမြင်ရပြီ။

"ကျွန်မ လမ်းထိပ်မှာပဲ ဆင်းပါမယ်"

ဟု ပြော၏။

"သွားဖို့က ဝေးသေးရင် လိုက်ပို့ပေးပါ့မယ်၊ ကျွန်တော့်အတွက် အပန်းမကြီးလို့လေ"

"ကျေးဇူးပါပဲ၊ ကျွန်မက ဒီလမ်းထိပ်က သစ်ခွမြိုင်ကို သွားမှာပါ"

"ဪ... မင်းက သစ်ခွမြိုင် စံအိမ်ကလား"

ကျွန်တော်က မေးလိုက်လျှင် သူကပြုံး၍ "ဟုတ်... ကျွန်မက သစ်ခွမြိုင်ကပါ"ဟု ပြော၏။

"ဪ"

ကျွန်တော် ပြုံးလိုက်ပြီး...

"ကျွန်တော့်နာမည် ဇင်မင်းမောင်ပါ"

"ကျေးဇူးပါပဲရှင်၊ ကျွန်မက နန်းကေရီမြိုင်ပါ"

"ဪ... နန်းကေရီမြိုင်တဲ့လား၊ ကံဆုံရင်တော့ ကြုံချင်ပါသေးတယ်"

သူမက နှုတ်ခမ်းတွန့်ရုံ ပြုံးပြီး "နန်း သွားမယ်"ဟု ပြောပြီး ခပ်သွက်သွက် ထွက်သွား၏။

သူထွက်သွားပုံက သမင်ပျိုမလေး ပြေးထွက်သွားသလား ထင်ရ၏။

သူမကို မျက်စိတစ်ဆုံးကြည့်ရင်း သူမရုပ်သွင် မျက်ဝန်းအိမ်မှ ပျောက်ကွယ်သွားလျှင် ကျွန်တော် ကားကို မှူးခဲ့မောင်းထွက်ခဲ့၏။

❐

ညောင်ပင်သာသို့ ရောက်လျှင် တပည့် နေခြည်က ကြို၏။

ကျွန်တော် ကားထားခဲ့ပြီး အိမ်သို့ လျှောက်ဝင်ခဲ့လျှင် တပည့် နေခြည်က အပြေးလိုက်လာပြီး...

"ဆရာ... ဆရာ... ကားနောက်ခန်းက ဂျာကင်တစ်ထည်"

ဟု ပြောပြီး ပေး၏။ ဂျာကင်က ပန်းဆီသွေးရောင် ဂျာကင်။ ဂျာကင်ကို တွေ့လိုက်သည်နှင့် နန်းဧကရီမြိုင်နှင့် တွေ့စက သူ့လက်ထဲ၌ ဂျာကင်ကိုင်ထားသည်ကို မြင်ယောင်၏။

ကျွန်တော့်စိတ်ထဲ ပျော်သလို ခံစားလိုက်ရ၏။ အခြားကြောင့်မှု မဟုတ်။

ယခု ကျွန်တော်သည် ဒီဂျာကင်ကို အကြောင်းပြုပြီး သူမကို တွေ့ရဦးမည်။

သစ်ခွမြိုင်ကို ရောက်ရဦးမည် မဟုတ်လား။

မှန်သည်။

နောက်တစ်နေ့တွင် ကျွန်တော် တကူးတကန့် သစ်ခွမြိုင်သို့ ရောက်ခဲ့၏။

တံခါးမှူး အဘွားကြီးက တံခါးဖွင့်ပေးပြီး…

"သူငယ်… ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ဟု မေး၏။

ကျွန်တော်က ဧည့်ခန်းတွင်းမှ နန်းကေရီမြိုင်၏ ဓာတ်ပုံကို ကြည့်ရင်း…

"ကျွန်တော် နန်းကေရီမြိုင်နဲ့ တွေ့ချင်လို့ပါ"

"ဟင်"

အဘွားကြီး အံ့ဩသွား၏။ ပါးစပ်အဟောင်းသားဖြစ်သွား၏။

"မောင်ရင် နန်းကေရီကို တွေ့ချင်လို့လား၊ ဟုတ်ရဲ့လားကွယ်"

"ဟုတ်ပါတယ်၊ ညက သူနဲ့ မေတ္တာပေါင်းကူးတံတားနားမှာ ဆုံခဲ့ကြတယ်၊ ညက ကျွန်တော်ကိုယ်တိုင် လမ်းထိပ်ထိ လိုက်ပို့ခဲ့တာ၊ သူ့ဂျာကင် ကားပေါ်ကျန်ခဲ့လို့ လာပေးတာပါ"

အဘွားကြီးက ခေါင်းခါပြီး…“တစ်ခုခုတော့ မှားနေပြီ ထင်တယ် မောင်ရင်၊ ညကတွေ့တာ နန်းကေရီမြိုင် မဖြစ်နိုင်ဘူး”ဟု ပြော၏။

“ကျွန်တော်ကတော့ ဟောဟို ညီခန်းက ခုတင်ပုံနဲ့ သက်သေထူနိုင်တယ် အဘွား”

“ကောင်းပြီလေ၊ ဒါဆို အဘွားတစ်ခုပြမယ်၊ ကလေး အိမ်ထဲဝင်ပါ”

“ဟုတ်ကဲ့”

ကျွန်တော် အဘွားအိုနှင့် အိမ်ထဲ လိုက်ခဲ့၏။ ထို့နောက် အိမ်နောက်ဖေးဘက်သို့ လိုက်ခဲ့၏။ သည်မှာ ဂူနှစ်ခုကို တွေ့ ရ၏။

ဂူတစ်လုံးက အနည်းငယ် ဟောင်းနေပြီ။ ဂူတစ်လုံး က အသစ်ဖြစ်၏။

ဂူသစ်ပေါ်မှ စာတန်းကို မြင်ရလျှင် ကျွန်တော် အံ့ဩ တုန်လှုပ်သွား၏။

အခြားအကြောင်းမူ မဟုတ်။

ဂူပေါ်မှ စာတန်းက…

**မနန်းကေရီမြိုင်**

**အသက်(၂၅)နှစ်**

ဟူသည့် စာတန်း။

"အဘွား... ဒါ... ဒါဆို နန်းဇေကရီမြိုင်က သေပြီ ပေါ့"

ဟု ပြောလိုက်၏။ အဘွားအိုက "ဟုတ်တယ် သား၊ မနေ့က မြေးမလေးဆုံးတာ တစ်လပြည့်ပြီလေ"ဟု ပြော၏။

"နန်းဇေကရီမြိုင် ဘာကြောင့် သေသွားတာလဲ"

"မေတ္တာပေါင်းကူးတံတားမှာ ကားချင်းတိုက်ပြီး ဆုံးသွားတာလေ"

ဟု ပြော၏။

ကျွန်တော် ဘာပြောရမည်မသိ။ ကျွန်တော် မနေ့ညက နန်းဇေကရီမြိုင်နှင့် တွေ့ခဲ့သည်မှာ အမှန်ဖြစ်၏။ သို့သော်... ကျွန်တော် တစ်ခုတော့ ကောင်းကောင်း နားလည်လိုက်၏။

မေတ္တာပေါင်းကူးတံတားထိပ်၌ ကျွန်တော် တွေ့ခဲ့သည့် နန်းဇေကရီမြိုင်သည် လူသားစင်စစ်မဟုတ်။ တစ္ဆေမ... တစ္ဆေမဟု နားလည်မိပြီ။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်



ဘိုင်ဘင်ဆရာတော်နှင့် ရက္ခစိုး

(၃)

"ဆရာတော် ဘယ်လိုလုပ်လိုက်တာလဲ"
"ကျုပ် ဘာလုပ်လို့လဲ ဒကာ"
"ဆရာတော်က ညောင်ပင်ကြီး လှဲလိုက်တော့
တပည့်တော် နေစရာမရှိတော့ဘူး"
သည်တော့မှ ရုက္ခစိုးမှန်းသိ၏။
သူ့အတွက် နတ်ကွန်းဆောက်ပေးရ၏။

|

## ဘိုင်ဘင်ဆရာတော်နှင့် ရက္ခစိုး

"ဆရာ... ဘိုင်ဘင်ဆရာတော်အကြောင်း သိလား"

ဟု တပည့်တစ်ဦးက မေးသည်။ ကျွန်တော်က ခေါင်းခါလိုက်ပြီး "မသိဘူးကွ"ဟု ရိုးသားစွာ ဖြေလိုက်သည်။

"ဒါဆို ကျွန်တော် ပြောပြမယ်၊ ဘိုင်ဘင်ဆရာတော်အကြောင်းက ဆန်းကြယ်တယ်၊ အထူးသဖြင့် ဘိုင်ဘင်ဆရာတော်နဲ့ ရက္ခစိုးအကြောင်းပေါ့"

ဟု ပြော၏။

ဘိုင်ဘင်ရွာ၏ ရွာဦးကျောင်း၊ အသက်ငယ်သော်လည်း သိက္ခာရှိသည့် ဆရာတော်တစ်ပါးရှိ၏။ ဆရာတော်၏ သက်တော်မှာ (၃၀)ခန့်သာ ရှိသေးပြီး ဘွဲ့အမည်မှာ "ဦးပညာဓောတ"ဖြစ်၏။

ဆရာတော် ဦးပညာဓောတသည် စန်းဘိုခန္တီ ပရိယတ္တိစာသင်တိုက်၌ စာဝါတက်ခဲ့ပြီး ခန္တီဆရာတော်ထံမှ ဝိပဿနာတရားများအား ပွားများအားထုတ်နေသည့် ဆရာတော်ဖြစ်သည်။

ဆရာတော်၏ကျောင်း ခေါင်းရင်း၌ ညောင်ပင်ကြီးတစ်ပင်ရှိပြီး ဆရာတော်သည် ထိုညောင်ပင်ကြီး၏ ခြေရင်း၌ တရားထိုင်၊ ပုတီးစိတ်မြဲဖြစ်၏။

တစ်ည။

ဆရာတော် ထိုညောင်ပင်ရင်း၌ တရားထိုင်နေစဉ် မှေးခနဲ အိပ်ပျော်သလို ဖြစ်သွား၏။ ထို့နောက် သူသည် အိပ်မက်လိုလို၊ တကယ်လိုလိုနှင့်။ အဘိုးကြီးတစ်ဦးကို တွေ့ရ၏။

အဘိုးအိုက အသက်အရွယ် ကြီးရင့်သလို ရှိခဲ့သော်လည်း သန်မာဟန်ရှိ၏။

"ကိုယ်တော် ဒီနားမှာ ကျောင်းဆောက်ပါ"

ဟု လျှောက်ထားပြီး ရုတ်တရက် ပျောက်သွား၏။ သို့နှယ်ပင် ဆရာတော်သည် ပြန်လည် သတိရလာ၏။

ဆရာတော်သည် ထိုအဖြစ်အား အိပ်မက်ဟု ယူဆပြီးနောက် မေ့မေ့ပျောက်ပျောက် နေခဲ့၏။ တရားရှုမှတ်မြဲ ရှုမှတ်နေ၏။

❒

(၂)

တစ်ည။

ဆရာတော် မှေးခနဲ အိပ်ပျော်သလို ရှိခဲ့၏။ ထိုသို့ အိပ်ပျော်သွားစဉ် တစ်နေ့က တွေ့ကြုံခဲ့သည့် အဘိုးအိုနှင့် ပြန်လည်ဆုံစည်းရပြန်၏။

အဘိုးအိုက...

"အရှင်ဘုရား ကျောင်းဆောက်ဖို့ မလုပ်သေးဘူးလား"

ဟု မေးလျှောက်၏။ ဘိုင်ဘင်ဆရာတော်က အဘိုးအို ကိုကြည့်ကာ... "ဒကာ... ကျောင်းဆောက်တယ်ဆိုတာ ငွေနဲ့လုပ်ရတာလေ၊ ဦးပဥ္စင်းမှာ ကျောင်းဆောက်ဖို့ အင်အား မရှိသေးဘူး ဒကာ"ဟု တုံ့ပြန်လိုက်၏။

အဘိုးအိုက...

"ဆောက်သာ ဆောက်ပါ အရှင်ဘုရား၊ ဘာမှ အားမ ငယ်ပါနဲ့" ဟု လျှောက်တင်၏။

"ကျေးဇူးပါပဲ ဒကာ" ဟုသာ ဆရာတော် တုံ့ပြန်ခဲ့၏။

ထို့နောက် အဘိုးအိုပျောက်သွားပြန်၏။ ထိုအကြောင်း ကို စဉ်းစားရင်း ဆရာတော် သက်ပြင်းချလိုက်၏။ မိမိ၏ရပ် မိမိရွာသို့ ရွာသိမ်ရွာငယ်ကလေးသာ ဖြစ်သဖြင့် ကျောင်း ဆောက်သည့်ကိစ္စ စိတ်တင်းမထားသင့်ဟု မှတ်ယူခဲ့၏။

သို့သော် တစ်နေ့သ၌ ကျောင်းပေါ်သို့ လူတစ်ဦး တက်လာ၏။

ဆရာတော်က နေရာပေးလိုက်ပြီး "ဘာကိစ္စများ ရှိပါ တယ် ဒကာ"ဟု မေးလိုက်၏။

ဒကာက...

"တပည့်တော် ကျောင်းဆောက်လှူချင်လို့ပါ အရှင် ဘုရား၊ တပည့်တော် တစ်ဦးတည်း လှူမှာပါ"

ဟု လျှောက်၏။

"ကောင်းပြီ ဒကာ၊ ဒကာတော် ဒါနမြောက်ဖို့ ဦးပဥ္ဇင်း စီစဉ်ပေးပါ့မယ်"

ထိုသူက အပြုံးနှင့် ဆရာတော်အား ကြည့်ပြီးနောက် ဦးသုံးကြိမ်ချကာ ပြန်သွား၏။

❐

ဒကာပြန်သွားလျှင် ဆရာတော်က အလှူရှင်အား ကတိပေးလိုက်သည့်အတိုင်း ကျောင်းဆောက်ရန် အစီအစဉ်ကို ပြောပြခဲ့၏။

"ကောင်းပါပြီဘုရား၊ ဒီအတွက် တပည့်တော်တို့ ကူညီပါ့မယ် ဘုရား"

ဟု ပြောပြီး ကျောင်းဆောက်ရန် မြေညှိကြ၏။ ထိုသို့ မြေညှိစဉ် တစ်နေရာ၌ ရှိနေသော ညောင်ပင်ကြီးက မလွတ်လပ်သဖြင့် ရွာသားတွေက ဆရာတော်အား လာလျှောက်၏။

"အေး… ဒီညောင်ပင်ကြီးက မလွတ်လပ်ဘူး ဆိုရင်လည်း တူးလှန်ပြီး မြေညှိရတာပေါ့"

ဟု ညွှန်ကြားလိုက်၏။

ထိုညက ဆရာတော်သည် အိပ်မက်လိုလို ဘာလိုလို

နှင့် အဘိုးအိုအား တွေ့ရပြန်၏။ အဘိုးအိုက ဆရာတော်အား တွေ့လျှင်...

"ဆရာတော် ဘယ်လိုလုပ်လိုက်တာလဲ"

ဟု မေးလျှောက်၏။

"ဟဲ့... ဒကာ၊ ကျုပ် ဘာလုပ်လို့လဲ၊ ဘာဖြစ်လို့လဲ ဒကာ"

"ဆရာတော်က ညောင်ပင်ကြီး လှဲလိုက်တော့ တပည့်တော် ဘယ်မှာနေရမလဲ၊ နေစရာမရှိတော့ဘူး ဘုရား"

ဟု လျှောက်တင်၏။

"အို... ဒါဆို ဆရာတော် ပြန်စီစဉ်ပေးမှာပေါ့"

ဟု ပြောလိုက်လျှင် ပြုံး၍ ပျောက်သွားခဲ့၏။

ဆရာတော်လည်း အိပ်မက်မှ လန့်နိုးသလို ခံစားရ၏။ ထို့အတူ ဤသို့ ကြိမ်ဖန်များစွာ တွေ့ရသည်။

အဘိုးအိုသည် ရုက္ခစိုးကြီးသာ ဖြစ်ရမည်ဟု ယူဆပြီးနောက် ကျောင်းနှင့် မနီးမဝေး၌ ဆရာတော်က နတ်ကွန်းတစ်ခု ဆောက်လုပ်ပေးခဲ့၏။

❐

(၃)

ဤသို့ဖြင့် ကျောင်းဆောက်လုပ်ခြင်း လုပ်ငန်းက တဖြည်းဖြည်း အကောင်အထည် ပေါ်ခဲ့ပြီ။

၁၃၅၁ ခုနှစ် တပေါင်းလပြည့်ကျော်(၁၂)ရက်နေ့တွင် ကျောင်းအဆောက်အအုံ ပြီးဆုံးပြီးလျှင် ကျောင်းရေစက်ချ လှူဒါန်းပွဲကို ဆောင်ရွက်နိုင်ခဲ့၏။

ကျောင်းဒကာမှ "ရွှေလီသူဌေး"ဟု နာမည်ကြီးသည့် မိုးလုံးရွာမှ သူဌေး ဦးဘတုတ်နှင့် ဒေါ်ခင်ညိုတို့ ဖြစ်လေသည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်



သရဲမ အိမ်ကြီးရှင်

## (၄)

သရဲမက...
ဤအိမ်ရှင်ဖြစ်၏။
ထို့ကြောင့်...
သူ့ကို ကိုယ်ချင်းစာမိသဖြင့်
သူ့ကို မနှင်တော့ဟု
ကျွန်တော် ဆုံးဖြတ်ရပြီ။

# သရဲမ အိမ်ကြီးရှင်

## (၁)

ကျွန်တော်သည် အလုပ်တာဝန်နှင့် အညာကျေးလက်သို့ ရောက်ခဲ့ခြင်းနှင့်အတူ ထူးခြားသည့် ဖြစ်စဉ်တစ်ခုကို ကျွန်တော် ကြုံတွေ့ခဲ့ရ၏။

ထိုအဖြစ်သည် အံ့ဩစရာကောင်းသလို ထူးခြားသည့် အဖြစ်တစ်ခုလည်း ဖြစ်ပေသည်။

ရှင်းရှင်းပြောရလျှင် ထိုအဖြစ်က နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသည့်အဖြစ် ဖြစ်သည်။

ကျွန်တော်သည် သရဲ တစ္ဆေ နာနာဘာဝတို့အား ယုံကြည်သူ ဖြစ်သလို ကြောက်စိတ်လည်း မရှိပါ။ တစ္ဆေ သရဲဟူသည် ကြောက်စရာ သတ္တဝါ မဟုတ်။

သနားစရာသတ္တဝါဟု ယုံကြည်ထားသောကြောင့် ဖြစ်သည်။

သို့တစေ ရုတ်တရက် တွေ့လိုက်ရသဖြင့် ကျွန်တော့် စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရ၏။

ကျွန်တော် သရဲမကို တွေ့လိုက်ရသည်မှာ နေ့ခင်း ဘက် အိပ်ချင်သဖြင့် ဇိုဂ်ဗြီး နှိုးထစဉ် သူ့အား ဖျတ်ခနဲ တွေ့လိုက်ရသဖြင့်ပင်။

သူ့အား ကျွန်တော့်ခုတင်ခြေရင်းတွင် ရပ်လျက်။

သူက အရပ်ပုသယောင်ရှိ၏။ ဆံပင်ကောင်း၏။ နက်မှောင်သော ဆံကေသာပိုင်ရှင်ဖြစ်၏။ ခရမ်းပွင့်ပါ သရက်ထည်အင်္ကျီနှင့် ပါတိတ်လုံချည် ဝတ်ထား၏။

သူ့အသွင်သည် ညှိုးငယ်နေ၏။

"ဟင်... မင်း... မင်း"

ကျွန်တော် ပြောလိုက်၏။ အနီးရှိ ဇနီးက "ဘာလဲ ကိုသူ"ဟု မေး၏။

"မိန်း... မိန်းကလေးတစ်ယောက် ငါ့ခုတင်ခြေရင်းမှာ ရပ်နေတယ်"

"အို... ကိုသူ ဘာဖြစ်တာလဲ၊ ပန်း ဘယ်သူ့မှ မတွေ့ပါဘူး၊"

ဟုပြော၏။ လင်မယားနှစ်ဦး ရှိပါလျက် ဇနီးကမမြင်ရသည်မှာ ဆန်းနေ၏။

"ကိုသူ... ရှင် ဘာဖြစ်နေတာလဲ"

ဇနီးက မေး၏။

"ငါ ဘာဖြစ်လို့လဲ၊ မြင်တာ မြင်တယ်လို့ ပြောတာလေ၊ မိန်းကလေးတစ်ဦးကို မြင်ရတာ အမှန်ပဲ"

"ကျွန်မကတော့ ဘာလို့ မမြင်ရတာလဲ"

ကျွန်တော် ဘာပြောရမည် မသိပြီ။ တစ်ခု ရှိသည်က ကျွန်တော် တွေ့သည်မှာ အမှန်ပဲဖြစ်သလို သရဲခြောက်ခံရပြီဟုလည်း သိလိုက်၏။

သို့သော် သရဲခြောက်ခံရသည့် အကြောင်းကိုမူ ဇနီးကို မပြောဖြစ်ခဲ့။ ဒါကလည်း ဇနီးဖြစ်သူ ကြောက်မည်စိုးသောကြောင့် ဖြစ်သည်။ သို့သော် ကျွန်တော်ကိုယ်တိုင်မူ စဉ်းစားရပေပြီ။ ဒီအိမ်၌ သရဲရှိနေပြီဟု သိသလို၊ ဘယ်လိုကြောင့် သရဲရှိနေသည်ကို သိချင်နေမိ၏။

သို့နှယ်ပင် ဤအိမ်၏ ထူးခြားချက်ကို ကျွန်တော် ပြန်လည် စဉ်းစားရလေပြီ။ ယင်းသို့ ပြန်လည်စဉ်းစားတော့ ထူးခြားချက်များ ရှိခဲ့သည်ကို တွေ့ရ၏။

ကျွန်တော်တို့ ဤအိမ်သို့ ရောက်ခဲ့ပြီး ငါးရက်အတွင်း ထူးခြားချက်နှစ်ခု ရှိခဲ့၏။ တစ်ခုက ကျွန်တော့်သားနှင့် ပတ်သက်၏။ ကျွန်တော်တို့၌ မိသားစုသုံးဦး ရှိ၏။

ကျွန်တော့်ဇနီးနှင့် သား သုံးဦးဖြစ်၏။ သားက အနည်းငယ် အအိပ်ဆိုး၏။ ယင်းသမို့ သည်အိမ်သို့ ရွှေ့ပြောင်

သား ခုတင်ပေါ်မှ လိမ့်ကျမည် စိုးသဖြင့် နံရံဘက်မှထား၍ အိပ်ခဲ့၏။

နံရံကာရံထားသဖြင့် သား လုံးဝခုတင်ပေါ်မှ လိမ့်မကျနိုင်ချေ။ သို့တစေ သားသည် ခုတင်ပေါ်မှ ထူးခြားစွာ လိမ့်ကျခဲ့၏။

ထူးခြားချက်က သားသည် ဝုန်းခနဲ ကျသွားသည် မဟုတ်။ ဘယ်လိုကျသည် မသိ။ ကြမ်းပြင်ပေါ်၌ သားသည် အိပ်လျက်ရှိ၏။

ထို့ကြောင့် ကျွန်တော်တို့လင်မယား ပဟေဠိတစ်ပုဒ်ကို အဖြေညှိရသလို ခံစားရ၏။

ဒုတိယထူးခြားချက်က ကျွန်တော်မိခင်ကြီးသည် ညစဉ် ဘုရားအား မီးပူဇော်ပြီး ဘုရားရှိခိုး၏။ ထိုညကမူ အမေ သည် ဘုရားအား ဆီမီးပူဇော်ရာ ဖယောင်းတိုင်သုံးလေးတိုင် သည် အလိုလိုငြိမ်းသွား၏။ ငြိမ်းသွားသည်မှာ တစ်ခါမဟုတ် သုံးလေးခါဖြစ်သည်။ ထိုစဉ်က ပယောဂါမပါဟု ထင်ခဲ့၏။

သို့သော်...

ယခုတော့ ကျွန်တော့်စိတ်ထဲ၌ မသိုးမသန့် ဖြစ်ခဲ့ပြီ။

ဤသို့ ဖြစ်ခဲ့သည့် ဖြစ်စဉ်များသည် သရဲမကြောင့် လားဟု ဖြစ်သည်။

❐

(၂)

စင်စစ် ကျွန်တော်နှင့် သည်မြို့ သည်ရွာက သူစိမ်းပြင်ပြင် ဖြစ်သည်။ တစ်ခုရှိသည်က ကျွန်တော်နှင့် သည်ရွာ သူစိမ်းပြင်ပြင် ဖြစ်သော်လည်း ကျွန်တော်က ဝန်ထမ်းဖြစ်သဖြင့် သူစိမ်းပြင်ပြင် ဖြစ်နေသော မြို့ရွာသို့ ရောက်သော်လည်း ပြဿနာမရှိ။

ပြီးတော့ ကျွန်တော်က အရာရှိဖြစ်သဖြင့် ဘယ်မြို့ ဘယ်ရွာသို့ရောက်ရောက် တပည့်တပန်းတွေ ရှိနေ၏။ သူတို့က သည်မြို့ သည်ရွာနှင့် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်သဖြင့် ကျွန်တော် မသိသော်လည်း သူတို့ သိနေကြ၏။ ကျွန်တော့်ကို ပြန်ပြောပြနိုင်ခဲ့၏။

ကျွန်တော် မသိသည်ကို ညွှန်ပြနိုင်ခဲ့၏။ ကူညီနိုင်ခဲ့၏။

မှန်သည်။

ကျွန်တော်နှင့် သူစိမ်းပြင်ပြင် ဖြစ်နေသည့် သည်မြို့ကလေးသို့ ကျွန်တော် ရောက်လာတော့ ကျွန်တော့်ကို ကူညီမယ့်သူ ရှိနေ၏။

ထိုသူက မောင်တင်စန်း ဖြစ်၏။

ကျွန်တော် ဤမြို့ကလေးကိုရောက်တော့ မောင်တင်စန်းက အလုံးစုံ ကူညီ၏။ နေဖို့ ထိုင်ဖို့ ကိစ္စကိုလည်း သူက ကူညီရှာပေးသည်။

ကျွန်တော့်ကို အိမ်ပေါင်းများစွာ သူ ရှာပေးခဲ့သည်။ ယင်းသို့ သူရှာပေးသည့် အိမ်ပေါင်းများစွာထဲ၌ ဤအိမ်သည်လည်း အပါအဝင်ဖြစ်၏။

ဤအိမ်ကို ကျွန်တော် ကြိုက်၏။

"ငါ ဒီအိမ်ကို သဘောကျတယ်"

ဟု ပြောခဲ့၏။

"စိတ်ချပါ ဆရာ၊ ကျွန်တော် အမြန်ဆုံး စုံစမ်းပေးပါ့မယ်"

"ကျေးဇူးပဲ"

ထို့နောက် ဤအိမ်ငှားရန်၊ အိမ်အခြေအနေကို စုံစမ်း၏။ နှစ်ရက်မြောက်နေ့၌ မောင်တင်စန်း ပြန်ရောက်လာ၏။

"ဘယ့်နှယ် အခြေအနေ"

"အခြေအနေကတော့ သိပ်မကောင်းဘူး ဆရာ"

"ဘာမကောင်းတာလဲ"

ကျွန်တော်က မေးလိုက်သည်။ သူက စဉ်းစားသလို ခေတ္တခဏ ငြိမ်သက်သွားပြီးမှ ကျွန်တော့်ကို ကြည့်လိုက်ပြီး...

"မကောင်းတာက တခြားမဟုတ်ဘူး ဆရာ၊ ဒီအိမ် မကောင်းတာက မကောင်းဆိုးဝါး ရှိနေတာပဲ"

ဟု ပြောသည်။

"နေပါဦး၊ မကောင်းဆိုးဝါးရှိတာနဲ့ မကောင်းတာ ဘာဆိုင်လဲ"

"မကောင်းဆိုးဝါးရှိတော့ ခြောက်လှန့်နိုင်တယ်လေ၊ ဒါကြောင့် မကောင်းဘူးလို့ ပြောတာ"

ဟု ရှင်းပြသည်။ ကျွန်တော် ပြုံးလိုက်၏။

"ဒါဆို မင်း မစဉ်းစားနဲ့တော့ ဒီအိမ်ကို ငါငှားမယ်"

ဟုပြောလိုက်၏။

"ဒီအိမ်မှာ သရဲရှိတယ်"

"ရှိ၊ ရှိကွာ၊ ငါ ငှားမယ်"

ဤသို့ဖြင့် ဤအိမ်ကို ကျွန်တော် ငှားခဲ့ခြင်းဖြစ်သည်။ ကျွန်တော် မေ့ပျော့ပို့သည်။ အမျှဝေသည်။

သို့သော် ကြာတော့ ကျွန်တော် စိတ်ကျဉ်းကျပ်လာ၏။

❐

(၃)

စိတ်ကျဉ်းကျပ်မှုကြောင့် တစ်ခုခုကို စဉ်းစားရသည်။ အခြားမူ မဟုတ်။ ကျွန်တော်က သရဲတစ္ဆေကို ယုံကြည်ပြီး သရဲတစ္ဆေဟူသည် ကြောက်စရာ မဟုတ်၊ သနားစရာသာ ဖြစ်သည်ဟု သိထားသော်လည်း ကျန်လူတွေအတွက် စိုးရိမ်သည်။

ထို့ကြောင့် ကျွန်တော် တစ်ခုခု စီစဉ်ရန် သူငယ်ချင်း ကျော်ဇင်ကို မှာရ၏။ ကျော်ဇင်က ကျွန်တော်မှာလျှင် ချက်ချင်း ရောက်လာ၏။

ကျော်ဇင်ရောက်၍ အကျိုးအကြောင်း ပြောပြလျှင် သူက သက်ပြင်းရှိုက်ပြီး...

"မင်း ပြောသလိုဆို သူဟာ အစွဲအလမ်းတစ်ခုနဲ့ မကျွတ်မလွတ် ဖြစ်တာနေမှာ"

ဟု ပြောပြီး "မင်းမပြောခင်ကတည်းက ဒီမှာမကောင်းဆိုးဝါး ရှိနေတာ ငါသိတယ်၊ ပြောရရင် ငါ မင်းအိမ်ထဲဝင်တယ်ဆို၊ ဒီအိမ်ထဲမှာ သရဲရှိနေတာ သိတယ်"ဟု ပြော၏။

"သူ ငါတို့ကို ဒုက္ခပေးမလို့တော့ မဟုတ်ပါဘူးနော်"

သူက ခေါင်းခါပြီး...

"မဖြစ်နိုင်ဘူးကွ၊ ပြောရရင် ဒီအိမ်ပိုင်ရှင် မိန်းမဖြစ်နိုင်တယ်၊ သူ့အိမ်ကို သူက စွဲလမ်းနေတော့ မင်းတို့လို မဆိုင်သူတွေက နေတယ်လို့ ထင်ပုံရတယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ သူဟာ တစ်နေ့နေ့ ဒုက္ခပေးလာမှာ ငါ စိုးတယ်"

"ငါ ကူညီပါ့မယ်"

စင်စစ် ကျော်ဇင်က ဆေးကုသတတ်သူ မဟုတ်သော်လည်း ပယောဂတော့ နိုင်သူဖြစ်၏။

ထို့ကြောင့် သူကပြုံး၍...

"ငါ ကူညီနိုင်တာကတော့ သူနဲ့ မင်းတို့ဟာ ဘဝမတူကြဘူး၊ သူက သူ့ကိုယ်သူ ပိုင်ရှင်လို့ ထင်နေပေမယ့် သူဟာ ပိုင်ရှင်မဟုတ်တော့ဘူးလေ"

"ဒါကို သူသိစေချင်တယ်၊ ဖြစ်နိုင်ရင် သူ့ကို မေတ္တာရပ်ခံပေးပါလား၊ ငါတို့ကို မခြောက်မလှန့်ဖို့ပေါ့ကွာ"

သူက "မေတ္တာရပ်ခံတယ်ဆိုတာ ပြောသလောက် မလွယ်ဘူးလေ။ သူက ဒီအိမ်ကို ဘယ်လောက်စွဲလမ်းနေမလဲ မှ မသိတာ"ဟု ပြော၏။

ထို့နောက် သူက "ကျွန်တော် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်"ဟု ပြော၏။

❒

နောက်တစ်နေ့တွင် ကျော်ဇင်က ပွဲတစ်ပွဲထိုး၏။ ဘုရားကို ဝတ်ပြုပြီး...

"ဤအိမ် ဤအရပ်၌ ရှိနေသော မကျွတ်မလွတ်သေးတဲ့ အိမ်ရှင်မကို ကျွန်ုပ် ဖိတ်ခေါ်ပါတယ်။ ဤနေရာ ဤဌာနသို့ ကြွခဲ့ပါရန် မေတ္တာရပ်ခံပါတယ်"

ဟု မေတ္တာရပ်ခံ ဖိတ်ခေါ်၏။ ယင်းသို့ ခေါ်လိုက်ပြီး မကြာမီ အချိန်တွင် ထိုင်ကြည့်နေသည့် လူများထဲမှ မိန်းမတစ်ဦးအား ပူးကပ်ဝင်လာ၏။

ကျော်ဇင်က... "ဒီအိမ်ရှင်မက ဘယ်သူပါလဲ"ဟု မေး၏။

ပူးကပ်ခံရသည့် မိန်းကလေးက တစ်ကိုယ်လုံး လှုပ်ယမ်းနေရာမှ ကျွန်မနာမည် သိန်းသိန်းပါ၊ ဒီအိမ်ရှင် ဦးရစ်ချတ်ရဲ့ ဇနီးပါ"ဟု ပြော၏။

"မသိန်းသိန်းက ဘာကြောင့် စုလိုဘဝ ရောက်ရှာတာလဲ"

"ကျွန်မခင်ပွန်းက အင်္ဂလိပ်ကပြားလေ၊ သူနဲ့ကျွန်မက ဘာသာမတူဘူး၊ သူက ကျွန်မအရင် သေဆုံးခဲ့တယ်၊ သူ သေတော့ သူ့အစ်ကိုက အရာရာကိုလက်ဝါးကြီး အုပ်ခဲ့တယ်၊ ကျွန်မ ရောဂါဖြစ်လို့ မသေခင် အလှူလုပ်ချင်လို့ ကျွန်မခင်ပွန်း အစ်ကို့က ဘဏ်က ငွေထုတ်မပေးတဲ့အတွက် စိတ်မကောင်းဖြစ်ပြီး ကျွန်မ သေဆုံးခဲ့ရတာပါ၊ ကျွန်မဟာ ဒီအိမ်ကိုစွဲပြီး သေလို့ ဒီအိမ်မှာ သရဲဖြစ်ခဲ့ရတာပါ"

ဟု ရှင်းပြ၏။

ကျွန်တော် ရင်ထဲ စိတ်မကောင်း ဖြစ်သွားခဲ့၏။

အစက သူ့ကို ဒီအိမ်ကြီးက နှင်ဖို့ စိတ်ကူးခဲ့ပါသော်လည်း နောက်ဆုံး နှင်ချင်စိတ် မရှိခဲ့။

ထို့ကြောင့် သရဲမ ထွက်သွားလျှင် ကျော်ဇင်အားကြည့်ပြီး...

"အစကတော့ ငါ သရဲမကို ဒီက နှင်ခိုင်းမလို့ပဲကွ၊ ဒါပေမဲ့ ခုတော့ ငါ မနှင်ရက်တော့ဘူး၊ ငါတို့မိသားစုပဲ ဒီအိမ်က ပြောင်းပါ့မယ်ကွာ"

ဟု ပြောလိုက်မိ၏။

"ဟာ... ဘယ်လိုဖြစ်တာလဲ"

သူက မေး၏။

"ကိုယ်ချင်းစာမိတာပါကွာ"

ဟု ဖြေလိုက်မိသည်တည်း။

စာဖတ်သူများရဲ့

သုတေသီသက်ထွန်းမြင့်



တစ္ဆေကျိစားခံခဲ့ရသည့်

တက္ကစီသမား

## (၇)

သချိုင်းရောက်တော့...
ကျွန်တော် အံ့သြရတယ်။
"မဖြူမ – အသက်(၃၅)နှစ်"
ဟု ကမ္ပည်းထိုးထားသည့်
အုတ်ဂူဖြူဖြူကို
တွေ့လိုက်ရသောကြောင့်တည်း။

# တစ္ဆေကျိစားခံခဲ့ရသည့် တက္ကစီသမား

(၁)

ဆရာ… ကျွန်တော် ကျော်ခိုင်လင်းပါ။ အလုပ်ကတော့ တက္ကစီဒရိုင်ဘာလေ။ ဆရာ့သူငယ်ချင်း ကိုကျော်မြင့်ရဲ့ သူငယ်ချင်းပေါ့။

ဆရာက "ပရလောက သုတေသန"လုပ်နေတယ်လို့ ကျော်မြင့် ပြောပြလို့ သိရတော့ ကျွန်တော့် အတွေ့အကြုံကို အရမ်းပြောချင်နေတာ ဆရာ။

ကျွန်တော်က ကျွန်တော့် ကိုယ်တွေ့အကြောင်းကို ကိုကျော်မြင့်ကို ပြောပြဖူးတယ်။ ကိုကျော်မြင့်က…

"ဟ… မင်းကြုံခဲ့တဲ့ အကြောင်းက စိတ်ဝင်စားစရာပဲ၊ ငါ့သူငယ်ချင်း စာရေးဆရာသာ သိရင် သိပ်ဝမ်းသာမှာ၊ သူက တစ္ဆေ သရဲတွေ အကြောင်းကို လေ့လာ သုတေသနပြုနေတာ"

လို့ပြောတော့ ကျွန်တော် အရမ်းဝမ်းသာသွားတာပဲ ဆရာ၊ ကျွန်တော်ကလည်း သိပ်ပြောချင်နေတာ၊ ဒါပေမဲ့ ကျွန်တော့်မှာ ပြောစရာပုဂ္ဂိုလ် သတ္တဝါ မရှိဘူး။

ဆရာက ဒီအကြောင်းတွေ သုတေသနပြုနေတယ် ဆိုတော့ ကျွန်တော် ဆရာ့ကို ပြောပြချင်နေတာ၊ ဆရာ့ကိုတွေ့ချင်နေတာ။

ခက်တာက ဆရာ့ကို လာပြီးမတွေ့နိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်က မိသားစုအတွက် တစ်နေ့ တစ်နေ့ ကြုံတွေ့နေရတဲ့ ကုန်ဈေးနှုန်းဝိုက်ကွက်တွေ ကြားထဲက ရုန်းမထွက်နိုင်သေးဘူး။

အလဲထိုးမခံရအောင် ကြိုးစားရုန်းကန်နေရတာကိုး။

မိသားစု စားဝတ်နေရေးအတွက် ကျွန်တော် ခွေ(ခွေ) ကိုင်နေရတယ်။

ခွေနဲ့ ကင်းမနေနိုင်ဘူး။

တစ်နေ့ ကိုကျော်မြင့်နဲ့တွေ့တော့...

"ကျွန်တော်လည်း ဆရာနဲ့တွေ့ပြီး ကျွန်တော့်ကိုယ်တွေ့ကလေး ပြောပြချင်နေတာ၊ ခက်တာက မအားဘူး ဖြစ်နေတယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ ကိုကျော်မြင့်"

လို့ မေးတော့၊ ကိုကျော်မြင့်က "ဒါဆိုလည်း မင်းကြုံခဲ့ရပုံကို ရေးတတ်သလို ရေးပြီး ပေးလိုက်ပေါ့"လို့ အကြံပေးတယ်။

ဒါကြောင့် ကျွန်တော် အခုလို ကိုယ်တွေ့ဇာတ်ကြောင်းကို ရေးပြီးပေးရတာပါ။

ကျွန်တော်က စာရေးဆရာ မဟုတ်တော့ စာချောချင်မှ ချောမယ် ဆရာ၊ ဒီအတွက် ခွင့်လွှတ်ပါ ဆရာ။

❐

(၂)

ကျွန်တော်က တက္ကစီဒရိုင်ဘာ တစ်ဦးပါဆရာ။ နာမည်က ကျော်ခိုင်လင်း ဖြစ်ပြီး ကျွန်တော်တို့မှာ မိသားစု ငါးယောက်ရှိပါတယ်။

ဒါကြောင့် အချိန်နဲ့အမျှ အလုပ် လုပ်နေရသူပါ။ မိသားစု ဒုက္ခရောက်မှာစိုးလို့ ငွေကို လက်မလွှတ်ရဲဘူး။

ကားပေါ် ထိုင်ရလွန်းလို့ ဖင်ပျွတ်တက်နေပြီ။ ဒီလို အလုပ်ကြိုးစားခဲ့ပေမယ့် ကျန်းမာရေး ချွတ်ယွင်းလို့ တစ်ပတ်လောက် ငွေကိုလက်လွှတ်ရရင် မျက်ဖြူဆိုက်ရတယ်။

ကျွန်တော် အရက်မသောက်ဘူး၊ အပိုသုံးတဲ့ အလုပ်ဘာမျှမလုပ်ဘူး။ ကွမ်းစားတာတောင် အခြားကားသမားတွေလို နှစ်ထောင်ဖိုး သုံးထောင်ဖိုး မစားဘူး။

တစ်နေ့ ကွမ်းငါးရာဖိုးပဲ စားတယ်။

ထားပါ ဆရာ၊ ဒါဟာ အဓိက မဟုတ်ပါဘူး။ အဓိက က ကျွန်တော်နဲ့ တစ္ဆေ တွေ့ခဲ့ပုံကလေး ပြောပြချင်တာပါ။

အဲ… ဒီအကြောင်း မပြောခင် ကျွန်တော်တို့ ကားသမားဘဝကို အရင်ပြောသင့်တယ်ထင်လို့ ပြောပြချင်တယ်။

ကျွန်တော်တို့ တက္ကစီသမား လောကမှာ နေ့သမားနဲ့ ညသမား ဆိုတာ ရှိတယ်။

နေ့သမားက နေ့ဘက် ကားမောင်းတာ၊ ညသမားက ညဘက်ကားမောင်းတာ။

ကားသမား လောကမှာ ညသမားက နေ့သမားထက် ငွေရပိုတယ်။ အဲ… ဒါပေမဲ့ အန္တရာယ်ကြီးတယ်။ လူမိုက် လူရမ်းကားကို ကြောက်ရသလို မကောင်းဆိုးဝါး နာနာဘာဝ ကို ကြောက်ရတာလည်း ရှိတယ်။

ဒီအကြောင်းကို ကိုကျော်မြင့် ပြောပြလို့ ဆရာသိသင့်သလောက် သိမှာပါ။

ကျွန်တော်က ညသမား မဟုတ်ဘူးဆရာ။ နေ့သမား။ ဒါပေမဲ့ ခု ကျွန်တော်ပြောမယ် ဇာတ်လမ်းက ညမှာကြုံခဲ့ရတဲ့ကိစ္စ။

ဒါကြောင့် ဆရာက "ဟင်... ခင်ဗျားက နေ့သမား ဆိုပြီး ဘယ်လို ညဘက် သရဲနဲ့ တွေ့ရတာလဲ"လို့ မေးချင် မေးမယ်။

ကျွန်တော် ဖြေမှာပါ။

ကျွန်တော် နေ့သမားဖြစ်ပါလျက် ညဘက် သရဲနဲ့ တွေ့ခဲ့တာက ဒီလို ဆရာရဲ့...။

❒

(၃)

ကိုကျော်ခိုင်လင်း၏ ဖနီးဖြစ်သူ သူဇာက အသုံးနှင့် အဖြုန်းကို ခွဲခြားတတ်သလို စုဆောင်းတတ်သူ ဖြစ်သဖြင့် ခုတလော အဆင်ပြေသည် ဆိုရမည်။

ကားကိုလည်း စဘော်တင်၍ အိမ်ယူထားနိုင်ခဲ့၏။ ထို့ကြောင့် ကားဆွဲရသည်များလည်း အေးဆေးနေပြီ။

ဒီနေ့က ကိုကျော်ခိုင်လင်း ခရီးဝေးအော်ဒါ ရခဲ့၏။ ကားခလည်း မြိုးမြိုးမြက်မြက် ရ၏။ ခရီးက ပဲခူးခရီးဖြစ်တယ်။ .

အော်ဒါက နေ့ခင်း ၁၂ နာရီလောက်တွင် ရခြင်းဖြစ်၏။ ပဲခူး ဝမ်းဘဲအင်းဆီသို့ မိသားစုသုံးဦးအား ပို့ပေးရမည်ဖြစ်တယ်။

အမြန် ပါစင်ဂျာရလျှင် တင်နိုင်၏။ တစ်နာရီလောက် ရန်ကုန်မှ ထွက်သည့်အတွက် အေးဆေးစွာ ပြန်လာနိုင်တယ်။

မိသားစုကိုလည်း ညနေ ၄ နာရီကျော်ကျော်လောက်၌ အရောက်ပို့နိုင်ခဲ့၏။ ညနေ(၄)နာရီ ပြန်လျှင် သိပ်မိုးမချုပ်မီ ရန်ကုန်သို့ ပြန်ရောက်နိုင်တယ်။

ကိုကျော်ခိုင်လင်း ညနေ(၄)နာရီကျော်ကျော်၌ ပဲခူးမှ ထွက်နိုင်ခဲ့၏။ ကားက လှည်းကူးသို့ ရောက်သည်အထိ ပြဿနာမရှိ။

သို့သော် လှည်းကူးမြို့အထွက်၌ ကားဘရိတ်ပေါက်သွားခဲ့၏။ ထို့ကြောင့် လှည်းကူးမြို့ရှိ ဝပ်ရှော့တစ်ခုနှင့် ဆက်သွယ်ရတယ်။

တစ်ခုရှိတာက လွယ်လွယ်ကူကူ အဆက်အသွယ်ရတာမဟုတ်ဘူး။ အတော်ကလေး ခက်ခက်ခဲခဲ ဆက်သွယ်ရခြင်းဖြစ်၏။

ကားပြင်ပြီးတော့ ခုနစ်နာရီထိုးတော့မည်။

ပတ်ဝန်းကျင်တွင် အမှောင်က ကြီးစိုးနေပြီ။ အရင်ကဆို ပြန်ဖို့မလွယ်။ ဘားလားချောင်းမှာ ပြဿနာရှိတယ်ပေါ့။ ယခင်က... ယခင်က...။

ယခုတော့ ပြဿနာမရှိတော့။

အမှောင်က ကြီးစိုးနေသလို ညလေက အေးလှ၏။

ကျုပ်ကားကို အရှိန်မြှင့်လိုက်တယ်၊ တစ်ခုရှိသည်က လမိုက်ည မဟုတ်ဘူး။

ဒါကြောင့် လမ်းဘေးက ရွာကလေးတွေကို တွေ့ရတယ်။

ဤသို့ဖြင့် ကားက တံတားအလွန်သို့ အရောက် သင်္ချိုင်းတစ်ခုကို တွေ့လိုက်ရတယ်။

မိန်းကလေးတစ်ဦး။

အသက်(၃၅)နှစ်ကျော်ကျော်ခန့် ရှိမည်။ အရပ်က မြင့်လည်းမမြင့်၊ ပုလည်း မပု။ ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ထားတယ်။

သူ ကားတားလိုက်ပြီ။

ကျုပ် မိန်းကလေးတစ်ဦး ဖြစ်နေသဖြင့် ရပ်လိုက်တယ်။

"ဘာအကူအညီလိုလဲ မိန်းကလေး"

ဟု မေးလိုက်၏။

"ဖြစ်နိုင်ရင် ကျွန်မ ထောက်ကြံ့ကို လိုက်ချင်ပါတယ်၊ ကူညီပါ"

သိမ်မွေ့ချိုလွင်စွာ ပြောတယ်။ ကျုပ် မငြင်းရက်ဖူး။ အားနွဲ့သူကို ကူညီရတာ မင်္ဂလာတရားပဲလေ။

"ရပါတယ်၊ လိုက်ခဲ့လေ

"ဘယ်လောက်ပေးရမလဲ"

"ကြည့်ပေးပေါ့ကွာ"

"ကျေးဇူးပါပဲ"

သူက နောက်ခန်းက တံခါးဖွင့် တက်လိုက်တယ်။ ကျုပ် ကားထွက်ခဲ့တယ်။

ကားအရှိန်မြှင့် မောင်းခဲ့တယ်။ ကားအရှိန်က မြန်နေတယ်။

တိုးဂိတ်အလွန်သို့အရောက် သူမက...

"ရှေ့နားက ခြံမှာ ဆင်းမယ်"

ဟု ပြောတယ်။

ကားရပ်လိုက်တယ်၊ ကြည့်လိုက်တော့ ခြံတစ်ခြံကို တွေ့ရ၏။

ခြံထဲ၌ မီးလင်းနေပြီး တံခါးပိတ်ထား၏။

သူမက...

"ကျွန်မ ပိုက်ဆံပါမလာလို့ အိမ်ထဲဝင်ယူရမယ်၊ ခဏ စောင့်ပေးပါနော်"

ပြောတယ်။ စိတ်ထဲ မကျေနပ်ပေမယ့် ဘာမှမပြော ချင်တော့။

"ဒါဆိုလည်း ကောင်းပြီနော်၊ မကြာခင် နဲ့"

"ဟုတ်ကဲ့ပါ"

သူမက ခပ်သွက်သွက်ဆင်းပြီး ခြံဝင်း ရပ်လိုက် တယ်။ တံခါးပွင့်လာသလို ဝင်သွားတယ်။ ကျုပ် ကားပေါ်က မဆင်းဘူး။

ခက်တာက နာရီကြည့်လိုက်တော့ ည ၉ နာရီထိုး တော့မယ်။ သူ ခြံထဲဝင်သွားတာ နာရီဝက်နီးပြီ။

"မဟုတ်တော့ဘူး၊ ငါ့ကို ဘတ်သွားပြီလား မသိဘူး၊ ဝင်မေးရမယ်"

လို့ စဉ်းစားပြီး ကားပေါ်မှ ဆင်းလိုက်တယ်။ ခြံဝ ရောက်တော့ တံခါးဝတွင် တပ်ထားသည့် ခေါင်းလောင်းကို လှုပ်လိုက်တယ်။

မကြာပါဘူး၊ အဘွားကြီးတစ်ယောက် ထွက်လာတယ်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ သူငယ်"

"ကျွန်တော့်ကား စီးလာတဲ့ မိန်းကလေး၊ ဒီခြံထဲဝင် သွားပြီး ပြန်ထွက်မလာလို့ပါ"

"ဟင်… ဟုတ်လား"

အဘွားကြီးက တအံ့တသြ မေးတယ်။ ကျုပ်က ဟုတ်မှန်ကြောင်းနဲ့ ပုံပန်းသဏ္ဌာန်ကို ပြောလိုက်တယ်။

အဘွားကြီးက စဉ်းစားပြီး "ဖြူမ လုပ်ပြန်ပြီ"ဟု ပြောတယ်။

ပြီးမှ သက်ပြင်းချပြီး…

"သူ့ ဘယ်က စီးလာတာလဲ"

"ဘားလားချောင်း အလွန်ကပါ"

အဘွားကြီးက သက်ပြင်းရှိုက်ပြီး… "ဒါဆို အိမ်ထဲ ခဏဝင်ပါဦး သူငယ်"ဟု ပြောတယ်။ ကျုပ် ဝင်လိုက်ခဲ့တယ်။

ညှိခန်းထဲ ရောက်တော့ ခတ်ပုံတွေ့လိုက်တယ်ဆို ကျွန်တော့်ကား စီးသွားတာ သူပဲလို့" ပြောလိုက်တယ်။

"အဘွား သိပါတယ်၊ အဘွားမြေး ဖြူမမှန်း သိပါတယ်၊ ဒါပေမဲ့ ငါ့သူငယ် တွေ့ခဲ့တာ အဘွားမြေးရဲ့ ဝိညာဉ်ပဲ"

"ခင်ဗျာ"

အံ့သြသော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်။

အဘွားကြီးက စာရွက်တစ်ရွက် ပြသည်။ နာရေး ဖိတ်စာ။ နာရေး ဖိတ်စာ၌...

"မဖြူမ"

အသက်(၃၅)နှစ်

ဟု တွေ့ရ၏။ အဘွားကြီးကငိုပြီး "မြေးလေး မကျွတ် မလွတ် ဖြစ်နေတယ်၊ မြေးလေးက ဘားလားချောင်းနားမှာ ကားပေါ်က လိမ့်ကျပြီး ဆုံးသွားတာ"ဟု ပြောသည်။

"အဘွား မလိမ်ပါဘူး သူငယ်၊ အဘွားမြေး ဖြူမ တကယ် သေ,မသေဆိုတာ ထောက်ကြံ့သင်္ချိုင်းမှာ သွားကြည့်ရင် ရှင်းသွားမှာပါ"

ဟု ရှင်းပြတော့ ဘာပြောရမှန်း မသိတော့။ အဘွား ကြီးက ငွေ ၁၀၀ ထုတ်ပေးသော်လည်း ကျွန်တော် မယူခဲ့။

နောက်တစ်နေ့ ဟုတ်,မဟုတ် ထောက်ကြံ့သင်္ချိုင်းလာ ကြည့်မည်ဟု ဆုံးဖြတ်ပြီး ပြန်ခဲ့တယ်။

အဲဒီလိုပဲ နှစ်ရက်အကြာတွင် ထောက်ကြံ့ဘက် ပါစင် ဂျယ်ရသဖြင့် လိုက်ပို့ရင်း သင်္ချိုင်းကို ဝင်ကြည့်ခဲ့တယ်။

ကျုပ် အရမ်းအံ့ဩ တုန်လှုပ်သွားရတယ်။ ဘာကြောင့် လဲဆိုရင် မဖြူမ၊ အသက်(၃၅)နှစ်ဟု ရေးထိုးထားသည့် ဂူသစ်တစ်လုံး တွေ့လိုက်သောကြောင့် ဖြစ်သည်။

ဗိုးရှာဇာစာအုပ်

ကျွန်တော်က တဆွေကျိုးစယ်ခဲ့သည့် တက္ကစီသမား ဖြစ်ခဲ့ပြီ မဟုတ်လား။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်



လယ်တီပဏ္ဍိတနှင့် ရက္ခစိုး

(၆)

ရက္ခစိုးကြီးက...
လယ်တီဆရာတော် မိတ်ဆွေ
လယ်တီတိုက်အား စောင့်ရှောက်သူ
ရက္ခစိုးကြီးက
ရဟန်းတော်ကို ဦးသုံးကြိမ်ချပြီး
ပျောက်သွားခဲ့၏။

# လယ်တီပဏ္ဍိတနှင့် ရက္ခစိုး

## (၁)

ကျွန်တော် မုံရွာသို့ ရောက်ခိုက် ကျွန်တော့်မိတ်ဆွေ ကိုအောင်တင့်က လယ်တီတိုက်နှင့် ရက္ခစိုးနတ် အကြောင်းကို ပြောပြ၏။

“အဲဒီလယ်တီတိုက်မှာရှိတဲ့ ရက္ခစိုးကြီးက ခုဆို အင်မတန် ဘုန်းတန်ခိုးကြီးတဲ့ နတ်ကြီး ဖြစ်နေပြီလေ”

ဟု ရှင်းပြ၏။

ထိုအတူ ယင်းဇာတ်လမ်းကလည်း စိတ်ဝင်စားစရာကောင်းသဖြင့် ပြန်လည်တင်ပြရပါသည်။

ထိုရက္ခစိုးနတ်ကြီးက အလွန်တရာ ဘုန်းတန်ခိုးကြီးသည့် ရက္ခစိုးဘိုးဘိုးကြီး ဖြစ်နေပြီ။

ယင်းရက္ခစိုးနတ်ကြီးက လယ်တီတိုက်တွင် ရှိသည့် ထနောင်းပင် နှစ်ပင်မှာ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးရာ စင်္ကြံလျှောက်ရာ နေရာနှင့် ရှေ့တည့်တည့် ကိုက် (၂၀)ခန့် အကွာ၌ရှိ၏။

ယခု လယ်တီတိုက်တွင်း၌ရှိသည့် ကျောက်စာတိုက်နှင့် ကျောချင်းကပ်လျက်ရှိ၏။

"ဆရာ… ရက္ခစိုးနတ်ကြီးနဲ့ လယ်တီဦးကောဝိဒ ရေးတဲ့ 'ဓာနုပဏ္ဍိကတာ နောက်ဆက်တွဲမှာ လယ်တီပဏ္ဍိတနှင့် ထနောင်းပင်နတ်မင်းကြီး အကြောင်းပါတယ်လေ'

ဟု ပြောကြ၏။

သက်ကြီးစကား သက်ငယ်ကြား ဆိုသောစကားအရ လယ်တီပဏ္ဍိတ ရဟန်းတစ်ပါးသည် ဘိုးဘိုးကြီးကို သက်ရှိထင်ရှား တွေ့မြင်ခဲ့ရသည်ဟု ဆို၏။

အတောင်တစ်ရာခန့်ဝေးသော အရပ်မှ ထနောင်းပင်ခြေရင်း၌ တွေ့ခဲ့သဖြင့် ရဟန်းတော်သည် တရားတော်နှလုံးသွင်း၍ ရက္ခစိုးဘိုးဘိုးကြီးထံ ချဉ်းကပ်ခဲ့၏။

အနားရောက်သော်…

"ငါ့အား ချမ်းသာပေးမည့် ဒကာကြီး"ဟူသော အမှတ်ဖြင့် ရဲတင်းစွာ ချဉ်းကပ်၏။

ထိုအချိန် ရက္ခစိုးဘိုးဘိုးကြီးသည် ဖိတ်ဖိတ်လက်သော ကိုယ်ရောင်ဖြင့် အဝတ်ဖြူဝတ်လျက် ရပ်နေ၏။

ဘိုးဘိုးကြီးက အပေါ်ဝတ်ရုံရှည်ကြီးနှင့် ဖြစ်၏။ ဝတ်ရုံသည် ခြေသလုံးကို ဖုံးနေ၏။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးနေ၏။

ဆံပင်ထုံးထား၏။ ခေါင်းပေါင်းအဖြူကို ရှေးဓော်ကြီးများကဲ့သို့ ပေါင်းထား၏။

လူပုံမှာ ညဥ့်သန်းခေါင်၌ တွေ့ရသည့် လူပုံနှယ်ဖြစ်၏။ လှုပတင့်တယ်နေ၏။

မျက်နှာက သန့်စင်၏။ မျက်လုံးနှစ်ဖက်မှာမူ မျက်စဉ်းတောင်ညိုတို့ လိမ်းကျံထားဘိသို့ရှိ၏။

လှပတင့်တယ်ခြင်းသည် ရုပ်လက္ခဏာသာမဟုတ်ကိုယ်နေဟန်ထားလည်း တင့်တယ်၏။

အနားရောက်သော် မွှေးကြိုင်သော ရနံ့ရ၏။ ရက္ခစိုးရပ်နေသည်မှာ ထနောင်းရိပ်၌ ရပ်နေခြင်း ဖြစ်သဖြင့် လရောင်နှင့် ဝေးနေသလိုရှိ၏။

ထနောင်းရိပ် ရှိသော်လည်း တောက်ပြောင်သည့် လရောင်က စီးကျနေသဖြင့် အဖြူရောင်တို့ ထွန်းပနေသကဲ့သို့ရှိ၏။

❐

(၂)

လယ်တီပဏ္ဍိတ ဦးပန္နင်းက တည်ငြိမ်စွာ ရက္ခစိုးနတ်ကို ကြည့်၏။

"ဒကာတော် ရက္ခစိုးနတ်မင်း၊ ဒကာတော်ကို ဦးပန္နင်းက အမြဲမေတ္တာပို့သနေပါတယ်။ အမျှဝေနေပါတယ်၊ တရားကျမ်းဂန် ပိဋကတ် ဖြည့်ဆည်းချိန်၌ဖြစ်စေ၊ စာပေကျမ်းဂန် သင်ယူချိန်၌ဖြစ်စေ၊ ပိဋကတ်အလုပ် ခွင်ဝင်၍ ကမ္မဋ္ဌာန်းတရား အားထုတ်ချိန်၌ဖြစ်စေ၊ ဆရာတော်ဘုရားကြီးအား ဦးချကန်တော့သည့်အခါ၌ဖြစ်စေ၊ ဒကာတော် တစ်ခါမျှ မေ့လျော့ခဲ့သည် မရှိခဲ့ပါ...

"ဒကာတော် ရက္ခစိုးကြီး… ရက္ခစိုးကြီး ကိုယ်တိုင် လွန်ခဲ့သော တစ်နှစ်ခန့်က ပျဉ်းမနားမြို့တွင် ဦးပန္နင်းအား လာရောက် သတိပေးသည့် ကိစ္စနှင့် ပတ်သက်၍ အမြဲသတိရ ကျေးဇူးတင်နေပါသည်။ ယခု တွေ့ကြုံရခိုက် ပြောသင့်သည်ကို ပြောပါရစေ"

ဟု ပြောပြီး ရဟန်းတော်က…

"ရက္ခစိုးကြီး ယခု အခါ၌ မြန်မာပြည်တလွှား၌ လယ်တီဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါ၍ သာသနာပြုလုပ်ငန်းများ လုပ်ကိုင်နေရပါသည်။ ယခု ရက္ခဆိုးကြီးနှင့် တွေ့သည်က ဆရာတော် ထားခဲ့၍ တွေ့ရခြင်းဖြစ်သလို၊ ဒကာတော် ရက္ခစိုးကြီးကို ဆရာတော်ကိုယ်တိုင် အမြဲသတိရနေပါတယ်။ ဒကာတော်ရက္ခစိုးကြီးကလည်း 'သာသနာရေးနှင့် အခြားကိစ္စများ၊ လယ်တီတိုက်တာ အရေးကိုလည်း အခါမပြတ် စောင့်ကြပ်ကူညီပေးပါ"

ဟု တိုက်တွန်းစကား ဆိုခဲ့၏။

ထိုစကားများအဆုံး၌ ရဟန်းတော်အား ဦးသုံးကြိမ်ချလျက် ဤနေရာမှ ပျောက်သွား၏။

လယ်တီပဏ္ဍိတ ရဟန်းတော်မှာ "လယ်တီပဏ္ဍိတ ဦးမောင်ကြီး"ဖြစ်၏။

ဆရာကြီးက ရဟန်းတော်ဘဝ၌ ရက္ခစိုးနတ်မင်းနှင့် အဆက်အသွယ် ရှိသကဲ့သို့ လူဝတ် ၁ပြီးစ ကာလ၌လည်း ရက္ခစိုးဘိုးဘိုးကြီးကို အစဉ်အမြဲ ပူဇော်ခဲ့သည်ဟု အမှတ်အသားရှိ၏။

စင်စစ်၊ ထိုရက္ခစိုးကြီးက လယ်တီဆရာတော်ဘုရားကြီး၏ မိတ်ဆွေဖြစ်သလို လယ်တီတိုက်အား အစဉ်စောင့်ရှောက်သူလည်း ဖြစ်သတည်း။

စာဖတ်သူတို့ရဲ့ ...
သုတေသီသက်ထွန်းမြင့်



ကျတ်ရွာမှ အပြန်

(၇)

ကျွန်တော်အား...
ခေါင်းအုံး၊ မွေ့ရာ၊ စောင်နှင့်
သိပ်ခဲ့သော်လည်း...
မနက်မိုးလင်းတော့
သစ်ရွက်ခြောက်များပေါ်၌
အိပ်နေရ၏။
ကျွန်တော်ကား... ..."

# ကျတ်ရွာမှ အပြန်

(၁)

ကျွန်တော်သည် တစ်နေရာတည်း၌ ရပ်နေသူမဟုတ်။ ခြေသလုံးအိမ်တိုင်ဘဝကို မုန်းသည်။ နေရာအနှံ့ကို သွားနေချင်သည်။

လေတံခွန်နှယ် လွင့်နေချင်သည်။

ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် သုတေသီသမားဟု ခံယူချင်သည်။

စိတ်ဝင်စားစရာ တစ်ခုကြားရလျှင် ထိုကိစ္စကို စူးစမ်းချင်သည်။

သုတေသန ပြုချင်သည်။

ထိုနေရာသို့ အရောက်သွားသည်။ အသေအချာ စူးစမ်းသည်။ အသေအချာ လေ့လာသည်။

ယခု ကျွန်တော် စိတ်ဝင်စားသည်မှာ ပရလောက အကြောင်းဖြစ်သည်။ သရဲ၊ တစ္ဆေ၊ ဝိညာဉ်အကြောင်းကို လေ့လာသည်။

ပြိတ္တာမျိုးနွယ်စုက များပါ၏။

သရဲလည်း ပြိတ္တာမျိုးနွယ်စု။

တစ္ဆေသည်လည်း ပြိတ္တာမျိုးနွယ်စု။

"ကျတ်"ဆိုသည်များကလည်း ပြိတ္တာမျိုးနွယ်စုဝင်များပင် မဟုတ်လား။

ကျွန်တော် ပြိတ္တာမျိုးနွယ်စုဝင်များမှ ကျတ်ကို စိတ်ဝင်စားခဲ့သည်။ ကျတ်အကြောင်း လေ့လာဖို့ ကြိုးစားခဲ့၏။ ခက်သည်က ကျတ်သည် ဘာလဲ… ဘာလဲ… ?။

❐

(၂)

ကျွန်တော် "ကျတ်"အကြောင်း လေ့လာခဲ့၏။ ကျတ် ဆိုသည် သရဲတစ်မျိုးပင်။

သို့သော် ကျတ်က အခြားသရဲများနှင့်မတူ။ ကျတ်က ဘုန်းတန်ခိုးရှိသည်။

ဖန်ဆင်းနိုင်သည်ဟု သိရ၏။

သို့သော် ကျွန်တော်နှင့် ကျတ်က ဝေးနေဆဲ။

တစ်ခါက ကျတ်ရှိသည်ဆိုသည့် နေရာသို့ ရောက်ခဲ့ဖူးသည်။ ကျတ်ဖိုးခေါင်သည် သရက်တောဖြစ်၏။ သရက်တောက ဖိုးခေါင်ရွာနှင့် ဖိုးခေါင်ဂါတ်အကြား၌ ရှိသည်။

သရက်တောက အတော်ကြီးကျယ်၏။ ရှည်လျား၏။

ကျွန်တော် မှတ်မိနေသည်။

ကျွန်တော့်အဖေသည် ပုလိပ်အဖွဲ့၌ တာဝန်ထမ်းဆောင်ပြီး ဖိုးခေါင်ဂါတ်၌ တာဝန်ကျနေချိန်ဖြစ်၏။ ကျွန်တော်ညဘက် သရက်တောကို ဖြတ်ခဲ့သည်။

ကျွန်တော့်အဖေထံသို့ ရောက်တော့ အဖေနှင့်အတူ ပုလိပ်အဖွဲ့သားတွေ အုံညြနေကြ၏။

"ဘယ်က လာလဲ"

ဟု တစ်ဦးက မေးသည်။

"ဒီမှာက လမ်းဘယ်နှလမ်း ရှိလဲ"

ကျွန်တော်က ပြန်မေးလိုက်၏။

"လမ်းက တစ်လမ်းပဲ ရှိတာလေ၊ ဒါကြောင့် ဒီလမ်းက လာတယ်လို့ သိတယ်၊ ကံကောင်းတယ်လို့ ပြောရမယ်"

"ဘာကြောင့်လဲ"

"မင်း သရက်တောကို ဖြတ်လာခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လဲ"

"ဒီသရက်တောက ကျတ်ကုန်းလို့ ပြောကြတယ်၊ မကြာခဏ လူတွေ ခြောက်လှန့်ခံရတယ်၊ ဒါကြောင့် နေဝင်ရင် ဒီနေရာကို လူလေးငါးဆယ်ယောက် မပါဘဲ မသွားရဲကြဘူး"

ဟု ပြော၏။

သည်တော့ ကျွန်တော့်ရင်ထဲ စိုးရွံ့ခဲ့၏။ သို့သော် ကျွန်တော် ဒီနေရာသို့ နှစ်ခါ သုံးခါ ရောက်ခဲ့ဖူး၏။ ဘာမှ မတွေ့ရပါ။

ကျွတ်မပြောနဲ့ ပဒတ်ပင် မတွေ့။

❐

သို့သော် ကျွတ်ကို တွေ့ချင်သော ကျွန်တော်သည် အမှတ်မထင် ကျွန်းပင်သာသို့ရောက်ခိုက် ထူးခြားသောအဖြစ် နှင့် ကြုံရ၏။

ထိုအဖြစ်က အခြားမဟုတ်။

ကျွန်တော် ထိန်တောမှ ကျွန်းပင်သာသို့အသွား မမျှော် လင့်သော အန္တရာယ်တစ်ခု ကြုံရ၏။

ထိုအန္တရာယ်က ရွာသား လူရမ်းကားတို့ အန္တရာယ် ဖြစ်၏။ ကျွန်တော်တို့အဖွဲ့ထဲမှ စောလှ၏ မသိတတ်မှုဖြစ်၏။

စောလှက အရက်မူးပြီး ရွာသားတွေကို ရမ်းခြင်းဖြစ် ၏။ ထို့ကြောင့် ရွာသားများနှင့် စောလှ ပြဿနာဖြစ်ခဲ့သည်။

သည်တော့ ကျွန်တော်လည်း မလွှဲသာ မရှောင်သာ ထိုပြဿနာထဲ ဝင်ပါရ၏။ ထိုးကြ၊ ကြိတ်ကြဖြစ်ပြီး နောက် ဆုံး ကိုယ်လွတ်ရုန်းပြေးရ၏။

**ဗိုးရာဇာဇာအုပ်**

"လိုက်... လိုက်... ကြ"

ဟု ညာသံပေးပြီး ရွာသားတွေ လိုက်သဖြင့် ကျွန်တော်တို့ ပြေးရင်း လူကွဲသွားသည်။

ကျွန်တော် သူတို့ကိုလည်း မရှာနိုင်။ ပြေးရင်း မိုးချုပ်သွားသည်ကိုပဲ သိသည်။ မိုးချုပ်သွားသည်က တစ်ကြောင်း၊ ပင်ပန်းနွမ်းနယ်လွန်းလှသည်က တစ်ကြောင်းမို့ ကျွန်တော် သစ်ပင်တစ်ပင်ပေါ်တွင်တက်ကာ အနားယူခဲ့သည်။

မေးခနဲ အိပ်ပျော်သွားသည်ကို သိခဲ့သော်လည်း ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်ကို မသိပါ။

❐

(၃)

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရာမှ ဖျတ်ခနဲ လန့်နိုးခဲ့သည်ကို သတိရသည်။

အခြားကြောင့်မှ မဟုတ်ပါ။

"ဒီမှာ… ဒီမှာ"

ဟု တစ်စုံတစ်ဦးက လှုပ်နှိုးလိုက်သောကြောင့် ဖြစ်သည်။ ကျွန်တော် ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်၏။

ဝါးခမောက်စောင်း၊ အသားလတ်လတ်၊ ထောင်ထောင်မောင်းမောင်း ယောကျ်ားကြီးနှစ်ယောက်။

"ဒီ… ဒီက…"

ကျွန်တော် မေးလိုက်၏။ နှစ်ဦးက ပြုံးပြီး "ကျွန်တော်တို့က ဟောဟိုနားကရွာမှာ နေပါတယ်၊ ဒုက္ခရောက်နေတယ်ထင်လို့ အကူအညီပေးဖို့ လာတာပါ"ဟု ပြော၏။

ကျွန်တော်က ဒုက္ခသည်ဟု ပြောလိုက်လျှင်... "ဒါဆို ရွာလိုက်ခဲ့လေ"ဟု ပြော၏။

"ကျေးဇူးပါပဲ"

ထို့နောက် ကျွန်တော် ထိုပုဂ္ဂိုလ်နှစ်ဦးနှင့် လိုက်ခဲ့၏။ ထိုပုဂ္ဂိုလ်နှစ်ဦးက ဖော်ဖော်ရွေရွေ ရှိ၏။

မကြာခင် ရွာသို့ရောက်ခဲ့၏။

ရွာက ရွာတန်းရှည်ကြီးဖြစ်၏။ ရွာထဲ၌ အိမ်များတွင် မီးထိန်ထိန် လင်းနေ၏။

ကျွန်တော် ရွာထဲသို့ရောက်တော့ ရွာထဲမှလူများက ထွက်ပြီးနှုတ်ဆက်ကြ၏။

ထိုစဉ် ပုဂ္ဂိုလ်ကြီးတစ်ဦးက...

"ကဲ... မောင်စိန်နဲ့ ညွန့်တင် ဧည့်သည်တွေကို ကောင်းကောင်းဧည့်ခံလိုက်ကြပါ"

"ဟုတ်ကဲ့ သူကြီး"

ဟု ပြော၏။

ထိုပုဂ္ဂိုလ်ကြီး ပြောသကဲ့သို့ပင် ကျွန်တော့်အား ကူညီရန် ခေါ်ခဲ့သည့် မောင်စိန်နှင့် ညွန့်တင် ဆိုသည့် ပုဂ္ဂိုလ်နှစ်ဦးက သူတို့အိမ်သို့ ခေါ်သွား၏။

သူတို့အိမ်က နှစ်ဆောင်ပြိုင်အိမ် ဖြစ်၏။ ဆောက်လုပ်ထားသည်မှာ ခိုင်ခံ့၏။ သစ်ကြီးဝါးကြီးများနှင့် ဆောက်ထားသည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးမှ ကိုမောင်စိန်က...

"ဝါဝါရေ... ဧည့်သည်ပါလာတယ်၊ ဧည်သည်စားဖို့ တစ်ခုခု စီစဉ်ပါကွယ်"

ဟု ပြော၏။ အသားဝါဝါနှင့် ချို့ရှင်သောမျက်နှာထားရှိသည့် မိန်းကလေးက... "ဟုတ်ကဲ့ဘဘ ကျွန်မစီစဉ်လိုက်ပါ့မယ်"ဟု ပြော၏။

နောက်ဖေးဘက်သို့ ဝင်သွား၏။ အသက်(၅၀)ခန့် မိန်းမကြီးတစ်ဦးက ကျွန်တော်ထိုင်ဖို့ ဖျာခင်းပေးသည်။

ကျွန်တော် ထိုင်ပြီး မကြာခင် ထမင်းပွဲတစ်ခုကို ထမင်းဟင်း ပြင်ဆင်ပြီး အိမ်ရှေ့သို့ ယူလာ၏။

"ကဲ... သူငယ် စား၊ ဘာမှ အားမနာနဲ့နော်"

ဟု ပြော၏။ "ဟုတ်ကဲ့... ကျေးဇူးပါပဲ ဦး"ဟု ပြောပြီး ပြင်ဆင်ထားသည့် ထမင်းပွဲကို ကြည့်ကာ ထမင်းဝိုင်းနားရွှေ့ထိုင်၏။ ချက်ချင်း စီစဉ်ရသည် ဆိုသော်လည်း ထမင်းက ပူပူကလေးရှိပြီး ကြက်သားဟင်း၊ ငါးခြောက်ဆီစမ်းနှင့် အတို့ အမြှုပ် စုံလှ၏။

ကျွန်တော်လည်း ဆာဆာရှိသဖြင့် အားပါးတရ စားခဲ့၏။ စားပြီးလျှင်...

"ဟင်း ဟင်း... ဆာဆာနဲ့ စားလိုက်တာ သိပ်ကောင်းတာပဲ"ဟု ပြောရာ... "ကျုပ်တို့ကလည်း ညှေ့သည်ကို ညှေ့ဝတ်ပြုချင်သလို အဲဒီလို အားပါးတရစားရင် အရမ်းကျေနပ်တယ်"ဟု ဦးညွှန့်တင်က ပြော၏။

ထို့နောက် စကားတွေ ပြောကြ၏။ အကြောင်းအရာလည်း စုံ၏။ ကြာတော့ ခရီးပန်းလာသည်ကလည်း တစ်ကြောင်း၊ စားကောင်းကောင်းနှင့် စားခဲ့သဖြင့် မျက်ကြောစင်းလာ၏။ ဒါကို ကိုတင်စိန်က ရိပ်မိဟန်ရှိ၏။

"ကဲ... ညှေ့သည်လည်း အိပ်ချင်ရှာမယ်"

ဟု ပြောရာ၊ ကျွန်တော် ပြုံးလိုက်၏။ ထိုစဉ် စောစောက မိန်းကလေး ထွက်လာပြီး... "အဖေ ညှေ့သည်အိပ်ချင်ရင် အိပ်ရာပြင်ပြီးပါပြီ"ဟု ပြော၏။

ကျွန်တော်က "ကျေးဇူးပါပဲ"ဟု ပြောလိုက်သလို၊ ကိုမောင်စိန်နှင့် ကိုညွှန့်တင်တို့က အိပ်ရာသို့ လိုက်ပို့၏။

ကျွန်တော်က "ကျေးဇူးပါပဲ"ဟု ပြောလိုက်သလို၊ ကိုမောင်စိန်နှင့် ကိုညွှန့်တင်တို့က အိပ်ရာသို့ လိုက်ပို့၏။

"ကဲ... ညှေ့သည်၊ ဘာမှ အားမနာနဲ့နော်၊ ဘာမှလဲ မပူပန်နဲ့၊ စိတ်အေးချမ်းသာစွာသာ အိပ်နော်"

ဟု ပြောပြီး အခန်းထဲမှ ပြန်ထွက်သွား၏။ ကျွန်တော် အိပ်ခန်းတွင်းသို့ရောက်ပြီး မကြာခင် အိပ်ပျော်သွားခဲ့ပါသည်။

❒

(၄)

"အမယ်လေး"

အိပ်ရာမှ လန့်နိုးလျှင် ကျွန်တော် လွန်စွာတုန်လှုပ်ချောက်ချားသွားပါသည်။

မှန်ပါသည်။ ကျွန်တော် တုန်လှုပ်ချောက်ချားရသည်မှာ မဆန်းပါ။ ကျွန်တော်ဟာ အိပ်ခန်းထဲ၌ မွေ့ရာ၊ စောင်၊ ခေါင်းအုံးနှင့် သေသေချာချာ သိပ်ထား၊ အိပ်ခဲ့ရပါသော်လည်း ကျွန်တော် အိပ်ရာမှနိုးတော့ ကျွန်တော် အိပ်နေသည်မှာ မွေ့ရာ၊ ခေါင်းအုံးနှင့်မဟုတ်။

သစ်ရွက်ခြောက်များပေါ်၌ အိပ်နေရ၏။

သည်အခါ ကျွန်တော့်ကိုယ်ကျွန်တော် ကျတ်ရွာသို့ရောက်ခဲ့ပြီဟု သိလိုက်၏။

သည်အခါ ကျွန်တော် လွန်စွာကြောက်သွား၏။ အရင် အရင်က ကျုတ်ရွာသို့ ရောက်ချင်ခဲ့သော်လည်း တကယ် ကျုတ်ရွာသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရတော့ အလန့်ကြီး လန့်သွားခဲ့၏။

ကျုတ်တို့က ကျွန်တော့်ကို ရန်မရှာသဖြင့် တော်သေး သည်ဟု ခံစားရ၏။ တို့အတူ ကျုတ်တို့သည် ပြိတ္တာမျိုးနွယ် ဝင်တို့က ဖန်တီးနိုင်စွမ်းသည်ဟု ခံစားမိလေသည်။

ယခုမူ ကျွန်တော်သည် ကျုတ်ရွာသို့ ရောက်ခဲ့ဖူးသလို ကျုတ်တို့၏ ညှော်ဝတ်ကျေပွန်မှုနှင့် ဖန်တီးနိုင်မှုအား မမေ့နိုင် ခဲ့သလို စာဖတ်သူများ ဗဟုသုတရစေရန် စာတစ်စောင် ပေ တစ်ဖွဲ့ ရေးဖြစ်ခဲ့ပြီ ဖြစ်သတည်း။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်



# ဒက္ခိဏာရာမဆရာတော်

# နှင့်

# ရက္ခစိုး

(ဂ)

"ဘယ်လိုဘုရားမျိုး
ကိုးကွယ်ချင်ပါသလဲ ဘုရား"
"ဆင်စီး မြင်းရံဘုရား"
နောက်တစ်နေ့ ဆရာတော်ထံသို့
ဆင်စီးမြင်းရံဘုရား သယ်ဆောင်ကာ
မောင်လှိုင်မြင့် ရောက်ခဲ့ပြီ။

# ဒက္ခိဏာရာမဆရာတော် နှင့် ရက္ခစိုး

## (၁)

ကျွန်တော်သည် ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့သို့ ရောက်စဉ်က ထူးခြားမှတ်သားဖွယ် အဖြစ်တစ်ခုကို ကြားသိခဲ့ရ၏။

ဒက္ခဏိရာမဆရာတော် ဦးဥတ္တရနှင့် ပတ်သက်သည့် အကြောင်း ဖြစ်သည်။

ထိုအကြောင်းက ဤသို့ဖြစ်၏။

❐

(၂)

ဒက္ခိဏာရာမကျောင်း ဆရာတော် ဦးဥတ္တရသည် ဇရာဝတီတိုင်း၊ ကျောင်းကုန်းမြို့မှဖြစ်ပြီး ပခာန နာယကဆရာတော်ကြီးလည်း ဖြစ်၏။

ဆရာတော်က ပရိယတ္တိဦးစားပေးလုပ်သည့် ဆရာတော်လည်း ဖြစ်၏။ ဆရာတော် ကိုယ်တိုင်လည်း ဗုဒ္ဓနုဿတိဘာဝနာအား အမြဲပွားများနေသည့် ပုဂ္ဂိုလ်ထူးလည်းဖြစ်၏။

ဆရာတော်၏ ကျောင်းဝင်းတွင်း၌ ဗောဓိပင်နှင့် ပြည်လုံးချမ်းသာစေတီ ရှိ၏။

ထိုစေတီဘုရားပွဲအား နှစ်စဉ် တန်ဆောင်မုန်းလကွယ်ရက်တွင် ကျင်းပခဲ့၏။

တစ်ည...။

ဘုရားပွဲတော် ကျင်းပနေစဉ်ည။

အချိန်က ည(၈)နာရီခန့်။

ဆရာတော်နှင့် ဂေါပကအတွင်းရေးမှူး ဦးဖေနိတို့ စကားလက်ဆုံ ကျနေစဉ် ဦးဖေနိက...

"ဒီည ဘုရားကြီးအတွက် အလှူတော်ငွေ တစ်သောင်း လောက်ရရင် ကောင်းမှာပဲ"

ဟု လွှတ်ခနဲ ပြောလိုက်မိ၏။ ထိုစဉ် ဆရာတော်နှင့် ဦးဖေနိတို့ အနားတွင် ထိုင်နေသည့် ဦးညို၏ဇနီးအား ရုက္ခစိုး ဝင်ပူးပြီး...

"ဆရာတော်တို့ အလိုပြည့်မှာပါ"ဟု လျှောက်၏။

"အို... သင် ဘယ်သူလဲ"

"ဗောဓိပင်က ရုက္ခစိုးပါ ဘုရား"

"အိမ်း... ရုက္ခစိုးနတ်မင်း ပြောသလို အလှူငွေတစ် သောင်းရရင် ရုက္ခစိုးရဲ့ ဗောဓိပင်ကိုလည်း ခံ့ညား အောင် ပြင်ပေးပါ့မယ်"ဟု မိန့်၏။

ထိုညက အလှူငွေလည်း တစ်သောင်းကျော်ရလိုက်၏။ ထို့အတွက် ဆရာတော်သည် ကတိအတိုင်း ဗောဓိပင်ကို သေချာစွာ ပြုပြင်ပေးခဲ့၏။

❐

(၃)

ထို့နောက် ဆရာတော်နှင့် ရက္ခစိုးနတ်မင်းသည် သဟာဇာတ ဖြစ်ခဲ့၏။ သည်အခါ ရက္ခစိုးနတ်လှူသည့် ဘုရားနှစ်ဆူကို ဆရာတော် ရခဲ့၏။

ထိုဘုရားနှစ်ဆူ ရရှိခဲ့သခြင်းနှင့် ပတ်သက်၍ အစဉ်အမြဲ ပြောပြတတ်၏။

ထိုအဖြစ်ကလည်း လျှို့ဝှက်ဆန်းကြယ် ဆန်သည်ဟု ဆိုရမည်ပင်။

တစ်ည ဆရာတော်သည် ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။

ဆရာတော်နှင့် တပည့် မောင်လှိုင်မြင့်တို့ ထိုင်နေစဉ် မောင်လှိုင်မြင့် နားထဲ၌...

"ဆရာတော် ဘယ်လိုဘုရားမျိုး ကိုးကွယ်ချင်ပါသလဲ"

ဟု မေးသံကြား၏။ ထို့ကြောင့် ကြားရသည့် မေးလျှောက်သံအား ဆရာတော်ကို ပြန်လည်လျှောက်ထားခဲ့၏။

ဆရာတော်က...

"ငါကတော့ ဆင်စီးမြင်းရံဘုရား လိုချင်သကွယ့်"

ဟု မိန့်၏။

ထို့နောက် ၁၃၅၁ ခုနှစ် သီတင်းကျွတ်လဆုတ်(၁၃)ရက်နေ့မှာ နံနက်(၇)နာရီမိနစ်(၄၀)တွင် ဆရာတော်ရှိရာ ဓမ္မာရုံတွင်းသို့ မောင်လှိုင်မြင့် ဘုရားတစ်ဆူပင့်ကာ ရောက်လာ၏။

"ဆရာတော် လိုချင်ဆန္ဒရှိပြီး ကိုးကွယ်ချင်တဲ့ ဆင်စီးမြင်းရံဘုရားပါ ဘုရား"

ဟု လျှောက်တင်ပြီး ဆရာတော်အား ပေးအပ်၏။ ပြီးနောက် "ရက္ခစိုးကြီးက ဆရာတော် ပူဇော်ဖို့ ဂဠုန်ခံရပ်ပွားတော်တစ်ဆူ လှူဦးမယ်လို့ မိန့်ပါတယ် ဘုရား"ဟု မောင်လှိုင်မြင့်က ဆို၏။

❐

(၄)

တစ်ပတ်ခန့်အကြာ…

သီတင်းကျွတ်လကွယ်နေ့…

နံနက် ၇ နာရီ ၄၀ မိနစ်အချိန်။

ထိုအချိန်၌ မောင်လှိုင်မြင့်သည် ဂဠုန်စံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ရန် လာပေး၏။

“ရက္ခစိုးနတ်ကြီး အလှူပါ ဘုရား”

ဆရာတော်က ဂဠုန်ခံအောင်သဒ္ဓိ ရုပ်ပွားတော်ဟု ကမ္ပည်းတင်ပြီး ကိုးကွယ်၏။ ထို့နောက်ပိုင်း (ဂဠုန်ခံအောင်သိဒ္ဓိရုပ်ပွားတော် ကိုးကွယ်ပူဇော်ပြီးနောက်ပိုင်း) လာရောက်ပူဇော်သူ အလွန်များပြီး သစ်သီးလှူဒါန်းသူလည်း များလှ၏။

ထိုလ…။

လဆန်း(၁၀)ရက်နေ့။

ထိုညက ဆရာတော်သည် တစ်ညလုံး ကျိန်းစက်မရနိုင်အောင်ရှိခဲ့၏။

နှလုံးခုန်သံတို့ကလည်း မြန်လှဘိ၏။

ယင်းသမို့ ဆရာတော်သည် တစ်ညလုံးပင် ဗုဒ္ဓနုဿတိဘာဝနာကို ပွားများနေရ၏။

သို့ဖြင့် တစ်ညလွန်မြောက် နံနက်သို့ ရောက်လာ၏။

ထိုစဉ် ဆရာတော်ထံသို့ ကျောင်းကုန်းမှ တပည့်ဒါယိကာများ စုရုံးရောက်လာကြ၏။

"ညတစ်နာရီလောက်က ဆရာတော်ကျောင်းက ကြေးစည်သံတွေ ကြားပါတယ် ဘုရား၊ ဆရာတော်ပျံလွန်တော်မူပြီ ဆိုတဲ့ သတင်းတွေလည်း ပျံ့ခဲ့ပါတယ်ဘုရား"

"အိမ်း... ဒါကြောင့် ဒါယိကာ ဒါယိကာမတို့ ရောက်လာကြသလား"

"မှန်ပါ့ဘုရား"

"ဒါဆို ပြန်ကြ၊ ငါ ကျန်းမာတယ် ဒကာတို့၊ ဘာမှစိုးရိမ်စရာ မရှိဘူး"

ဟု မိန့်ကြားပြီး ဒကာ၊ ဒကာမတို့အား ပြန်လွှတ်လိုက်၏။

ထို့နောက် ဆရာတော်သည် ထူးခြားစွာ ရက္ခစိုးနတ်မှ ပူဇော်ရန် ပေးလှူသည့် ဘုရားနှစ်ဆူအား ရန်ကုန်သို့ ပင့်ဆောင်လာခဲ့ပြီး သကာလ ဆရာတော် သိတင်းသုံးရာ ဒက္ခိဏာရာမကျောင်းတွင်ရှိ မဟာထေရဝိဟာရကျောင်းပေါ်၌ သိတင်းသုံး ပူဇော်ထားကြောင်း လေ့လာမှတ်သားရသတည်း။

**စာဖတ်သူများရဲ့**
**သုတေသီသက်ထွန်းမြင့်**



အချစ်နဲ့တစ္ဆေ

(၉)

အရင်က…
မောင့်ကို မခွဲချင်လို့
မောင့်အနားမှာ နေချင်လို့
သာဓုခေါ်ချင်သည်။
သာဓုခေါ်ခွင့် တမ်းတသည်။
ယခု… မောင်လည်း တစ္ဆေဖြစ်နေတော့
သာဓုခေါ်ခွင့်၊ မလိုချင်တော့
သာဓု မခေါ်ချင်တော့ပြီ။

## အချစ်နဲ့တစ္ဆေ

ကျွန်မက ဒဟတ်ပန်းရွာသူပါ။

ကျွန်မက ဒီရွာရဲ့ ကွမ်းတောင်ကိုင် ဖြစ်သလို၊ မိဘတွေက အဆင်ပြေတော့ ကျွန်မဟာ မျက်နှာပွင့်လန်းသူဖြစ်ခဲ့တယ်။

ဒါပေမဲ့ ကံကြမ္မာ ဖန်လာပုံက ဆန်းတယ်လို့ ဆိုရမလားသိဘူး။ ဒဟတ်ပန်းရွာမှာ မမျှော်လင့်တဲ့ မီးလောင်မှုနဲ့အတူ ကျွန်မတို့အိမ်လည်း ပါသွားတယ်။

မီးလောင်တဲ့အချိန်က ကျွန်မတို့ သားအမိ မြို့ဘုရားသွားနေချိန်၊ အိမ်မှာ အဘိုးတစ်ယောက်တည်း ရှိနေချိန် မီးလောင်တာဆိုတော့ ဘာမှ မရလိုက်ဘူး။

နေ့ချင်းညချင်း ဖွတ်မွဲပြာစု ခရုဆံကျွတ်ဘဝ ရောက်သွားခဲ့တယ်။

အမေလည်း ဒီအချိန်ကစပြီး ကျန်းမာရေး ပြိုလဲခဲ့တာပေါ့။

ကျွန်မကိုယ်တိုင်လည်း အရင်လို မတောင့်မတာ မနေနိုင်တော့ဘူး၊ ရုန်းကန်နေရပြီ။

အဲဒီလိုအချိန်မှာ ကျွန်မကို အမိက ဘူညီပုံပိုးသူက ကိုမြတ်ဆွေရယ်ပေါ့။ သူက ဆင်းရဲသူပါ။

မပြေလည်ရှာဘူး။ သူက ကျွန်မချစ်သူလည်း ဖြစ်တယ်။ သူ ပြောတာကို ကျွန်မ မမေ့သေးဘူး။

"ခင်ခင် အခုလို ရုန်းကန်နေရတာ ပင်ပန်းရတာကို မကြည့်ရက်ပေမယ့် ဒီအချိန်မျိုးကို ကိုမြတ် ကြိုက်တယ်"

"ဘာဖြစ်လို့လဲ ကိုမြတ်"

"ခင်ခင် စဉ်းစားကြည့်လေ၊ ခုအချိန်မှာ ကိုမြတ်နဲ့ ခင်ခင်ကြားမှာ မဟူညီမှုတွေ ဝေးသွားခဲ့တယ် မဟုတ်လား"

"အော်... ကိုယ်ရယ်"

ပြောရရင် ဒီလိုနဲ့ ကိုမြတ်ဆွေနဲ့ ကျွန်မတို့ ဘဝတစ်ခု ထူထောင်ဖို့ စဉ်းစားဖြစ်ခဲ့တယ်။ နှစ်ယောက်တစ်ဘဝ ထူထောင်ဖြစ်ခဲ့တယ်။

ဆင်းရဲဒုက္ခတွေ ရှိနေပေမယ့် ကျွန်မတို့ ပျော်ပါတယ်။ ဟုတ်တယ်။

အချစ်ဆိုတာ ပျော်ရွှင်ခြင်းပဲလေ။

❒

(၂)

ဘ၀ကံကြမ္မာက ဆိုးလှတယ်လို့ ဆိုရမလား။

ဟုတ်တယ်။ ကံကြမ္မာကို မုန်းချင်လာတယ်။ ကံကြမ္မာက မုန်းချင်စရာ ကောင်းလှတယ်လေ။ ကံကြမ္မာကြောင့် ကျွန်မဘ၀ ဆင်းရဲတွင်းမှာ နစ်ခဲ့တယ်။ ဒီကံကြမ္မာကြောင့်ပဲ ကျွန်မ အသက်လောက်ချစ်တဲ့ ကိုမြတ်ဆွေကို စွန့်လွှတ်ခဲ့ရတယ်။

ဒီအကြောင်း မပြောချင်ဘူး၊ ပြောရင် ရင်နာတယ်။ ကြေကွဲဝမ်းနည်းတယ်။ ငိုချင်တယ်။

ဟုတ်တယ်လေ။

မနက်က အလုပ်သွားခါနီး ကျွန်မနဖူးကလေးကို ခပ်ဖွဖွနမ်းပြီး...

"အမြဲ့နွေးထွေး သတိရနေမယ်နော်"

ဟု သူ ပြော၏။ ကျွန်မက 'ညနေ အနမ်းကို ခင်ခင် မျှော်နေမယ်နော်"လို့ ပြောခဲ့တယ်။

ဒါပေမဲ့ ခင်ခင်ကိုယ်တိုင် ကိုမြတ်ရဲ့အနမ်းကို ခံယူခွင့်မရှိတော့ဘူး။ မခံယူနိုင်တော့ဘူး။

ဘာကြောင့်လဲဆိုရင် အဲဒီနေ့က ခင်ခင် ပိုးထိပြီး သေဆုံးခဲ့ရလို့ပဲလေ။

ခင်ခင် မလိမ်ချင်ပါဘူး။ ခင်ခင်ဟာ နောက်ဆုံးတော့ စွဲလမ်းစိတ်နဲ့ သေဆုံးခဲ့တယ်။ ကိုမြတ်ကို စွဲလမ်းစိတ်နဲ့သေဆုံးခဲ့တဲ့ ကျွန်မဟာ အယူလွဲပြီး တစ္ဆေသရဲဘဝ ရောက်ခဲ့တယ်။

❐

(၂)

ဟုတ်တယ်။ အစွဲအလမ်းဟာ ကြောက်ဖို့ကောင်းတယ် လေ။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် အလှူနဲ့ သီရိဓမ္မာသောကမင်းကြီး တောင် သေခါနီး သျှိရှားသီးကို စွဲလမ်းခဲ့လို့ မြွေပြိတ္တာဖြစ် ခဲ့ရတယ်။

ကျွန်မဟာ ဘာမို့လို့လဲလေ။

ကျွန်မဟာ ချစ်သူကို စွဲလမ်းခဲ့လို့ တစ္ဆေသရဲ ဖြစ်ရ သလို၊ ချမ်းသာခြင်းကင်းတဲ့ တစ္ဆေသရဲဖြစ်တဲ့ အချိန်မှာလည်း ကိုမြတ်ကို စွဲနေမိတယ်။

ကိုမြတ်နောက်ကို တကောက်ကောက် လိုက်နေမိ တယ်။

ကိုမြတ်ကို ပြန်ဆုံဖို့ပဲ တွေးနေမိတယ်။ ကိုမြတ်ကို တွေ့နေရပေမယ့် မခင်နိုင်၊ မကြင်နိုင်တဲ့ ဘဝကို ရင်နာတယ်။

ကိုမြတ်နဲ့ ပြန်ဆုံနိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် မလွတ်မကျွတ်တဲ့ဘဝက ဝေးချင်တယ်။

ဒီအတွက် ပေတဒါနပြုဖို့ လိုတယ်ဆိုတာ သိခဲ့သလို ကိုယ့်အတွက် ဒါနပြု အမျှဝေနိုင်ဖို့အတွက် အမေ့ကို ကူညီလိုတဲ့အတွက် အမေ့ကို နှစ်လုံး သုံးလုံး နံပါတ်တွေ အိပ်မက်ပေးပြီး ပေးခဲ့တယ်။

အိပ်မက်ထဲမှာ အမေ့ကိုတွေ့ပြီး…

"အမေရယ်… ကျွန်မ ချမ်းသာခြင်းကင်းပြီး ဆင်းရဲလွန်းတဲ့ ဒီဘဝကလွတ်ဖို့၊ သမီးကို အမျှဝေပေးပါ၊ သမီးအတွက် အမျှဝေမှ သာဓုခေါ်နိုင်မှ မကျွတ်လွတ်တဲ့ဘဝက ကင်းလွတ်မှာလေ၊ သမီး သာဓု ခေါ်ပါရစေ"

ဟု ပြောတိုင်း အမေက မျက်ရည်လည်ရွဲနှင့် "စိတ်ချပါ သမီးရယ်၊ အမေ အမြဲတမ်း သတ္တဝါအနန္တနဲ့အတူ သမီးကို အမျှပေးဝေနေသလို သမီးအတွက် ပေတဒါနပြုပေးဖို့လည်း အမေ ကြိုးစားနေပါတယ်"ဟု ပြောတယ်။

အမေက အလုပ် လုပ်ချင်ပါသော်လည်း အသက်အရွယ်အရ အလုပ်မလုပ်နိုင်တော့။ ရှင်းရှင်းပြောရရင် ငွေမရှာနိုင်တော့။ ထို့ကြောင့် ကျွန်မက အမေ နှစ်လုံး သုံးလုံးထိုးဖို့ အိမ်မက်ပေး နံပါတ်ပေးတယ်။

ကျွန်မက အမေ့ကို စိတ်မချနိုင်သလို ချစ်သူရင်ခွင်မှာလည်း ခိုဝင်နေချင်တယ်။

ခက်တာက ကျွန်မနဲ့ ကျွန်မချစ်သူလည်း ဘဝမတူဘူး။

❐

(၃)

တစ်နေ့ အမေ့အိမ်နားသို့ ရောက်တော့ အမေက သူ့မိတ်ဆွေ ဒေါ်မာလာတင်ကို "အခု ကျွန်မ သုံးလုံးပေါက်တယ်၊ ဒေါ်မာလာတင် သမီးကလေး ပေးတဲ့နံပါတ်လေ၊ ကျွန်မသမီးကလေးအတွက် ဒါနပြု အမျှပေးဝေရမယ်"ဟု ပြောပြီး…

"သမီးရေ… ဝမ်းသာတော့၊ သမီး သာဓုခေါ်ခွင့်ရတော့မယ် သမီးရေ"

ဟု တိုင်တည်ပြောဆိုသံ ကြားသည်။

ကျွန်မ ဝမ်းသာလိုက်တာရှင်၊ ကျွန်မ မျှော်လင့်သလို ဖြစ်ခဲ့ပြီ။

အဲဒီအချိန်မှ ပရလောကသားတစ်သိုက် ရန်ပွဲတွေ့လိုက်ရတယ်။ ပြောရရင် အနိုင်ကျင့်ပွဲလေ။

ပြောရရင် ပရလောကနဲ့ လူ့လောက ဆိုတာ မထူးပါဘူး။ ပရလောကမှာလည်း ကြီးနိုင် ငယ်ညှဥ်းဆိုတာ ရှိတာပဲ"

ခုနက ပရလောကရန်ပွဲမှာ တစ္ဆေတစ်ကောင် လဲကျကျန်ခဲ့တယ်။ ဒီတစ္ဆေကောင်ဟာ အားနည်းတဲ့ တစ္ဆေပဲ"

"မင်း မှတ်ထား၊ ထိပ်နီဆိုတာ ငါပဲ၊ ထိပ်နီစိတ်မ ကြည်ရင် သေပြီမှတ်"

ဟု ပြောသွားသည်။

ကျွန်မလည်း အနိုင်ကျင့်ခံရသူတို့အတွက် စိတ်မ ကောင်းဖြစ်ရသလို ကူညီနိုင်တာ ကူညီဖို့ သူ့နားကပ်သွား တယ်ဆို၊ ကျွန်မ အလွန်တရာ အံ့သြသွားရတယ်။

ဘာကြောင့်လဲ ဆိုတော့ အညှဉ်းဆဲခံ တစ္ဆေက သူ ဖြစ်နေလို့ပဲလေ။

သူ... သူ... ကျွန်မချစ်တဲ့သူ ကိုမြတ်ဆွေလေ။ ခုတော့ တစ္ဆေမြတ်ဆွေ ဖြစ်နေပြီပေါ့။

"ဟင်.... ကို... ကိုမြတ်"

လို့ နှုတ်ဆက်လိုက်တယ်။

"ခင်ခင်... ဝမ်းသာလိုက်တာ ခင်ခင်ရယ်၊ ကိုယ် ခင်ခင့်ကို လွမ်းနေတာ"

တစ်ဦးကိုတစ်ဦး ထွေးဖက်လိုက်ကြသလို ကျွန်မချစ်သူ ကိုမြတ်ဆွေကိုလည်း ကျွန်မနေတဲ့ ရေသဖန်းပင်ကို ခေါ်သွား ဖြစ်ခဲ့တယ်။

ဒီနေ့က အပျော်ဆုံးနေ့ပဲ။

နောက်တစ်နေ့မှာလည်း ကျွန်မ မျှော်လင့်နေတဲ့ အပျော် တစ်ခုနဲ့ ကြုံရတယ်။

ကျွန်မကို တရားနာဖို့ခေါ်တဲ့ အသံနဲ့အတူ မကြာခင်မှာ အမေ ကျွန်မကို အမျှပေးဝေနေတာ အသံကြားရတယ်။

ဒီအသံဟာ ကျွန်မ မျှော်လင့်တဲ့ အသံပါ။

ကျွန်မအတွက် သာဓုခေါ်ခွင့်လေ။

ဒါပေမဲ့ ကျွန်မ သာဓု မခေါ်နိုင်ခဲ့ဘူး။

သာဓု မခေါ်ချင်ခဲ့ဘူး။

ဘာကြောင့်လဲဆို ကျွန်မနားမှာ ကျွန်မမျှော်လင့်တဲ့ ကိုမြတ်က ကျွန်မနဲ့ ဘဝတူအဖြစ် ရှိနေခဲ့ပြီ။

ကျွန်မအတွက် သာဓုခေါ်ခွင့် မလိုတော့ဘူး။

ကျွန်မ တိုးတိုး ပြောလိုက်တာက…

"အမေရယ်… ကျွန်မ ကိုမြတ်ကို မခွဲနိုင်လို့ သာဓု မခေါ်ပါရစေနဲ့။ သမီးကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ"

ဟု ဖြစ်သတည်း။



ဘုန်းကြီးတစ္ဆေ

(၁၀)

ဘုန်းကြီးအိုကြီး...
သူက ကြက်ကို ခြေမှကိုင်လျက်
"ငါ့ကို ဒီကြက်ချက်ပြီး
နံနက်စာ ဆွမ်းကပ်"
ဟု ဆို၏။
သူက လူဘုန်းကြီးမဟုတ်...
ဘုန်းကြီးတစ္ဆေ...

# ဘုန်းကြီးတစ္ဆေ

ကျွန်တော်တို့တစ်သိုက် တစ္ဆေသရဲအကြောင်း ပြောကြရင်း သိန်းတန်က "ကျွန်တော်ကတော့ လူယောင်ဆောင်တဲ့ ဘုန်းကြီးတစ္ဆေကို မြင်ခဲ့ဖူးတယ်"ဟု ပြော၏။

ကျွန်တော်က… "သိန်းတန်ရယ်… ဒါနောက်စရာ မဟုတ်ဘူး၊ ပေါက်ပေါက်ရှာရှာ မပြောစမ်းပါနဲ့"ဟု ပြောလိုက်ရာ သူက… "ဆရာက မယုံဘူးကို၊ ကျွန်တော်အမှန်ကိုပြောတာ ဆရာရဲ့"ဟု ပြောသည်။

"ဒါဆို မင်း တကယ်ပြောတာပေါ့"

"ဟုတ်တယ် ဆရာ၊ တကယ်ပြောတာ"

ဟု ပြောလျှင် ကျွန်တော်က… "ကဲ… ဒါဖြင့်ပြောပါဦး"ဟု လမ်းဖွင့်ပေးလိုက်၏။

သည်အခါ သိန်းတန်က သူ ကိုယ်တွေ့ ကြုံခဲ့သည့် အောက်ပါဇာတ်လမ်းအား ပြောပြခဲ့၏။

သူ ကြုံတွေ့ခဲ့သည့် ဘုန်းကြီးတစ္ဆေ ဇာတ်လမ်းက ဤသို့ပင်။

❒

(၂)

မြင်သာယာသည် သိန်းတန်၏ ချက်မြုပ်ဒေသ မဟုတ်သော်လည်း သူ နှစ်ကြိမ်တိတိ ရောက်ခဲ့ဖူးသူဖြစ်၏။

ယခု နွေရာသီတွင် သိန်းတန်သည် မြင်သာယာသို့ သုံးကြိမ်မြောက် ရောက်ခဲ့ပြန်၏။ သည်အခါ မြင်သာယာရှိ သူငယ်ချင်း အပေါင်းအသင်းတွေက လှိုက်လှဲစွာ ကြိုဆိုကြ၏။

ဒီခရီးက ပျော်စရာခရီး ဖြစ်၏။

သိန်းတန် မှတ်မိနေသေး၏။

ထိုနေ့က သူငယ်ချင်းတွေ့ဆုံကြသည့်နေ့။ ရေနွေးငါးခြောက်ဖုတ်နှင့် ပျော်ပျော်ပါးပါး လွှေးနေကြစဉ်၊ အမြင်မတော် ဆင်တော်နှင့်ခလောက် ဆိုသည့် မြင်ကွင်းတစ်ခုကို သိန်းတန်တို့ သူငယ်ချင်းတစ်သိုက် မြင်တွေ့လိုက်ရ၏။

သည်အခါ ကျော်ခေါင်က…

"ကြည့်ပါဦး၊ တကယ့်ကို အမြင်မတင့်တဲ့ မြင်ကွင်းပဲ၊ တိုင်းတစ်ပါးသားတွေသာမြင်ရင် အတော်ကို အဆေဖန် ခံရမှာ"

ဟု ပြော၏။

စန်းမောင်က…

"ဟုတ်ပါ့ကွာ၊ ဘုန်းကြီးလည်း ဘုန်းကြီး၊ ပြီးတော့ ဘုန်းကြီးအိုကြီး ဖြစ်ပါလျက်နဲ့ လက်ထဲမှာ ကြက်ကြီး ဆွဲလာတယ်ဆိုတော့ တကယ်ပဲ"

ဟု ပြော၏။

သိန်းတန်က…

"အမြင်မတင့်တာတော့ ဟုတ်ပါတယ်၊ ဒါဟာထူးခြား မှုဖြစ်သလို ဆန်းပြားမှုလည်း ဖြစ်တယ်၊ အကုသိုလ် မဖြစ်စေနဲ့"

ဟု ပြောလိုက်၏။ ထိုစဉ် ကြက်ကြီးကို ခြေထောက် နှစ်ချောင်းမှ စုကိုင်ကာ အိမ်ထဲသို့ ဝင်လာသည့် ဘုန်းကြီး အိုကြီးအနားသို့ ရောက်လာ၏။

အနားရောက်လျှင် သိန်းတန်ကို ကြည့်လိုက်ပြီး…

"ဒီမှာ ဒကာ… ဒီကြက်ကို ချက်ပြီး ဘုန်းကြီးကို မနက်စာကပ်စမ်း၊ မွှန်းမလွဲစေနဲ့နော်"

ဟု မိန့်၏။

သည်အခါ သိန်းတန်က လက်အုပ်ချီပြီး… "တင်ပါ့ဘုရား၊ တပည့်တော် အမြန်ချက်ပြီး ဆွမ်းကပ်ပါမယ် ဘုရား" ဟု လျှောက်လိုက်၏။

စင်စစ် သိန်းတန်၏ စိတ်က ရှင်း၏။ သူက ဘုရားအရည်ခြုံထားသူ ဖြစ်သဖြင့် ရိုသေကိုင်းရှိုင်း၏။

သူ့အမြင်နှင့်သူ ရှိမည်ဟု ယုံကြည်၏။ အပြစ်မတင်ချေ။

ဤသို့ဖြင့် ကြက်သားဟင်း ချက်ပြီးလျှင် ဘုန်းကြီးအိုကြီးအား ဆွမ်းကပ်၏။

ဘုန်းကြီးအိုကြီး ဆွမ်းစားပြီးလျှင် သိန်းတန်ကို ကြည့်ကာ…

"ဒကာ စေတနာကြောင့် ဘုန်းဘုန်း ဆွမ်းအမှု ပြည့်စုံခဲ့ပြီ၊ အဲဒီလိုပဲ အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဒကာအနေနဲ့ ကူညီပါဦးလို့ မေတ္တာရပ်ခံချင်တယ်၊ ကူညီနိုင်မလား"ဟု မေး၏။

သည်သောအခါ သိန်းတန်က... "ကူညီနိုင်ပါတယ် ဘုရား"ဟု တုံ့ပြန်လျှောက်ထားလိုက်၏။ ပြီးမှ ဘုန်းကြီး အိုကြီးအား "တပည့်တော် ဘာကူညီရမယ်ဆိုတာ သိပါရစေ ဘုရား"ဟု လျှောက်တင်လိုက်၏။

ထိုအခါ ဘုန်းကြီးအိုကြီးက...

"အဲဒါဆို ဒကာ နားထောင်"

"တင်ပါ့ဘုရား"

"ဘုန်းကြီးဘွဲ့က 'ဦးပညာဒီပ'ပဲ၊ မြိုင်ဟောဝန်ရွာဦး ကျောင်း ဆရာတော်ပဲ၊ ဒကာကို မှာချင်တာက ဒကာ အဲဒီကျောင်းကိုသွားပြီး ကျောင်းဂေါပကအဖွဲ့နဲ့ တွေ့ ပါလား၊ ဂေါပကအဖွဲ့လူကြီးနဲ့တွေ့ရင် ဘုန်းကြီးလွှတ် လိုက်တဲ့အကြောင်းပြောပြီး ကျောင်းရဲ့ဥရုတိုင်အောက် ကို တူးကြည့်ပြီး၊ ကျောင်းတံတိုင်းကာဖို့ လုပ်ပါလို့ မှာလိုက်တဲ့အကြောင်း ပြောပါ၊ ကဲ... ဒကာ လုပ် နိုင်တယ် မဟုတ်လား"

"တင်ပါ့ဘုရား၊ တပည့်တော် အမြန်ဆုံး ဆောင်ရွက် လုပ်ကိုင်ပါမယ် ဘုရား"

"သာဓု... သာဓု... သာဓု"

ထို့နောက် ဘုန်းကြီးအိုက ခြံထဲမှ ပြန်ထွက်သွား၏။ သိန်းတန် ကြည့်နေရင်း ဘုန်းကြီးအိုကြီး ပျောက်ချင်းမလှ ပျောက်သွားသည့် အဖြစ်ကို ယနေ့တိုင် မမေ့နိုင်ပါ။

❐

(၃)

မြိုင်ဟောဝန်ရွာသည် မြိုင်သာယာရွာနှင့် သုံးမိုင်ခန့် ဝေးသည့်အရပ်၌ တည်ရှိသည်။

သိန်းတန် မြိုင်ဟောဝန်သို့ ရောက်ပြီး မြိုင်ဟောဝန်ရွာသူ ရွာသားများအား မေးမြန်းစုံစမ်းရာ…

"ဟိုရွာဦးထိပ်မှာပဲ"

ဟု ပြောသလို လိုက်ပြ၏။ ထိုသူ၏ ကူညီမှုကြောင့် မြိုင်ဟောဝန် မြို့ဦးကျောင်းကို ရောက်ခဲ့သလို ထိုကျောင်း ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ရ၏။

ထိုအခါ သိန်းတန်က… "ကျွန်တော်က ဧည့်သည်ပါ၊ ဆရာတော်ဦးပညာဒီပနဲ့တွေ့ပြီး ဆရာတော် လွှတ်လိုက်လို့ ရောက်လာတာပါ"

ဟု ပြောလိုက်လျှင် ကျောင်းဂေါပကအဖွဲ့ဝင်များ အံ့ဩသွားကြ၏။

"ဒါနဲ့ နေပါဦးသူငယ်၊ မင်း ဆရာတော်နဲ့တွေ့တာ ကြာပြီလား၊ ဆရာတော် ပုံသဏ္ဌာန်က ဘယ်လိုလဲ"

ဟုမေးရာ သိန်းတန်က… "ဆရာတော်ဦးပညာဒီပ အသွင်သဏ္ဌာန်ကို ကောင်းကောင်းမှတ်မိပါတယ်၊ အသားညိုညိုနဲ့ ခန္ဓာကိုယ် တုတ်ခိုင်ပြီး မျက်နှာမှာ ကျောက်ပေါက်မတွေရှိပါတယ်ခင်ဗျာ"ဟု ရှင်းပြရာ ဂေါပကလူကြီးတစ်ဦးက "ဆရာတော်ပုံသဏ္ဌာန်ကတော့ အမှန်ပဲ"ဟု ပြောပြီး ဓာတ်ပုံပြရာ သိန်းတန်က "ဟုတ်ပါတယ်၊ ဒီဆရာတော်ပါ" ဟု ဖြေလိုက်၏။

ထိုအခါ လူကြီးတစ်ဦးက…

"မင်း ဆရာတော်နဲ့တွေ့တာ ဘယ်တုန်းကလဲ"

ဟု မေး၏။

"သုံးလေးရက်ပဲ ရှိပါဦးမယ် ဦးကြီး"

ဆိုတော့ "ဟေ"ဟု အံ့ဩသွား၏။ ပြီးမှ ထိုလူကြီးက "အင်း… စဉ်းစားစရာပဲ၊ မင်းက ဆရာတော်ကို သုံးလေးရက်လောက်က တွေ့ပြီး၊ ငါတို့သိတာက ဆရာတော် ပျံလွန်သွားတာ နှစ်လနီးပြီ"ဟု ပြော၏။

တစ်ဦးက… "ဆရာတော်က ရုတ်တရက် ပျံလွန်တော်မူသွားတာဆိုတော့ ကျောင်းရှေ့မဟာရံအုတ်တံတိုင်းခတ်ဖို့ အလှူငွေတွေ ဘယ်မှာထားသွားတယ်ဆိုတာ မသိဘူး၊ ဆရာတော်ဟာ သီလ၊ သမာဓိနဲ့ ပြည့်စုံသူမို့ ဆရာတော်မဟုတ်တာ မလုပ်ဘူးဆိုတာ တို့ယုံတယ်"ဟု ရှင်းပြ၏။

သည်အခါ သိန်းတန်က…

"ဆရာတော် ကျွန်တော့်ကို ဦးကြီးတို့ ဂေါပကအဖွဲ့ဝင်လူကြီးတွေနဲ့တွေ့ဖို့ မိန့်လိုက်သလို၊ ကျောင်းရဲ့ ဥရုတိုင်အောက်မှာ တူးဖော်ပြီးမှ မဟာရံတံတိုင်း တည်ဆောက်ပါလို့ မှာလိုက်တယ် ဦးကြီး"

ဟု ပြောရာ ဂေါပကလူကြီးများက သိန်းတန်ကိုပါ ခေါ်ကာ ကျောင်းဥရုတိုင်အောက်ကို တူးဖော်ကြည့်ရာ ရွှေငွေအပြည့် ပါရှိသည့် ယွန်းသေတ္တာတစ်လုံးကို တွေ့ရ၏။

ဂေါပကလူကြီးက… "ဆရာတော်က ဒီမှာ မဟာရံတံတိုင်းဆောက်ဖို့ ပစ္စည်းဥစ္စာတွေကို ဒီမှာမြှုပ်ထားတာကိုး" ဟု ပြော၏။

ထို့အတူ ဆရာတော်သည် ထိုပစ္စည်းများအပေါ် စွဲလမ်းပြီး မကျွတ်မလွတ်ဘဝ ရောက်သည်။

မကျွတ်မလွတ်ဘဝမှ ရွာသားများ အခက်ကြုံနေသည်ကို ဖြေရှင်းခဲ့သည်ဟု ပြောပြ၏။

ထို့နောက် ရွှေငွေတို့အား ထုခွဲပြီး ရသည့်ငွေကြေးတို့နှင့် မဟာရံတံတိုင်းကို ဆောက်လုပ်ရာ မကြာခင် ပြီးစီးသွား၏။

ယင်းသို့ မဟာရံတံတိုင်း ပြီးစီးသွားလျှင် ရေစက်ချ အမျှပေးဝေပွဲ လုပ်၏။

ဆရာတော်ကြီးကိုလည်း အမျှပေးဝေခဲ့ကြ၏။

ရေစက်ချပွဲက စည်ကားလှ၏။

ထိုရေစက်ချပွဲသို့ သိန်းတန် တက်ခဲ့၏။

❒

(၄)

ထိုညက အိပ်မက်တစ်ခု မြင်မက်၏။ အိပ်မက်ထဲ၌ ဆရာတော်ကို ပြန်တွေ့ရ၏။

ဆရာတော်က သက်န်းကို သပ်ရပ်စွာရုံလျက်...

"ဒကာ... ဒကာ့ကျေးဇူးက ကြီးလှတယ်၊ ဒကာ့ ကျေးဇူးကြောင့် ဆရာတော် သာဓုခေါ်ခွင့်ရပြီး ဂျွတ် လွတ်ခဲ့ပြီ၊ သာဓု... သာဓု... သာဓု"

သာဓု သုံးကြိမ်ခေါ်ပြီး ပျောက်သွားခဲ့၏။ ဒီညက သိန်းတန် အိပ်ရာမှနိုးတော့ ပျော်နေ၏။ အဘယ်ကြောင့်ဆို သော် သူသည် ကောင်းမှုတစ်ခု ပြုလိုက်နိုင်ပြီ မဟုတ်လား။

**စာဖတ်သူများရဲ့**

**သုတေသီသက်ထွန်းမြင့်**

**ဗိုးရာဇာစာအုပ်**



ခွေးသရဲကြီး

(၁၁)

တစ်ခု ထူးခြားသည်က
ဈေးကြီးကို ခဲနှင့်ပစ်သော်လည်း
ဂိန်ဟု မအော်ပါ။
တဖြည်းဖြည်း ကြီး၍ ကြီး၍ လာပါသည်။
ထို့ကြောင့် သိလိုက်သည်။
ဈေးသရဲ... ဈေးသရဲ...။

# ခွေးသရဲကြီး

## (၁)

အစက ကျွန်တော်က ခွေးသရဲဟု မထင်။ သာမန် ခွေးကြီးတစ်ကောင်ဟု ထင်သည်။

ခက်သည်က ခွေးကြီးက တစ်ပုံစံတည်း တစ်ရွယ်တည်း မဟုတ်။

ကြည့်ရင်း ကြည့်ရင်းမှ ကြီး၍ ကြီး၍ လာသည်။

မာန်ဖီသည်။

ကျွန်တော့်ကို ခုန်အုပ်တော့မလို။

သည်တော့မှ သာမန် မဟုတ်မှန်း သိလိုက်သည်။

ခွေး... ခွေးသရဲ...။

❒

(၂)

တစ်ခုရှိသည်က ဒီလမ်းသည် ကျွန်တော် ပြန်နေကျ မဟုတ်။ ပြောစရာ ရှိသည်က ကျွန်တော် ညတိုင်း အပြန် နောက်ကျသည်။

ဒီနေရာတွင် ပြောစရာရှိသည်က ကျွန်တော် နောက် ကျချင်၍ နောက်ကျသည် မဟုတ်။

ကျွန်တော်က အသောက်အစားရှိသူလည်း မဟုတ်။

ကျွန်တော် နောက်ကျသည်မှာ အိမ်စရိတ် မပြည့်စုံ သေးသောကြောင့် ဖြစ်သည်။ ပြောပင် မပြောချင်တော့။

ခုတလော ပိုက်ဆံရှာသည်မှာလည်း ခက်ပ။

ဒီတော့ အိမ်စရိတ်ပြည့်အောင် ရောင်းရင်း ဝယ်ရင်း နောက်ကျခဲ့သည်။

ကားပေါ်က ဆင်းပြီဆိုလျှင် ဆိုက်ကားမရသည်က များ၏။ လမ်းလျှောက်ရသည်က များ၏။

ညစဉ် သုံးမိုင် လေးမိုင်ကျော်ကျော် လမ်းလျှောက်ရ၏။

သည်တော့ ရပ်ကွက်တွင်း ဝင်ပြီဆို တစ်ခါတစ်ရံ ဆယ်နာရီ။

တစ်ခါတစ်ရံ ဆယ့်တစ်နာရီ။

အခါတိုင်းက သည်လမ်းက ပြန်သည် မဟုတ်။ အထက(၂)ဘက်မှ ပြန်စမြဲ။

သို့သော် ခုတလော အထက(၂)ဘက် ပြန်ရသည်မှာ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ထ(၂)ကျော်ပြီဆို မီးနေသည်နှံ့တွေ နံသည်။ တဖျပ်ဖျပ်နှင့် ခြေသံတွေ ကြားရသည်။

သရဲမကြောက်တတ်သော်လည်း ဒီလိုတွေဖြစ်တာများ တော့ စိတ်အနှောင့်အယှက် ဖြစ်သည်။

ထို့ကြောင့် စနေမမှဆင်းပြီး မင်းဘူးလမ်းအတိုင်း လျှောက်ပြန်ခဲ့သည်။

တစ်ခုရှိသည်က ဒီနေ့က မိုးဖွဲဖွဲရွာသည်။ ဝုန်းဝုန်း ဒိုင်းဒိုင်း ရွာသည်မဟုတ်။

ကျွန်တော်က နွေနွေ မိုးမိုး ထီးယူ ဝါသနာပါသူ မဟုတ်။

မိုးက ဖွဲဖွဲရွာတော့ လက်ကိုင်ပဝါကလေး ခေါင်းပေါ်တင်ပြီး ခပ်သွက်သွက် လျှောက်လာခဲ့၏။

ထိုစဉ် ကျွန်တော့်ရှေ့မှ မည်းမည်းသဏ္ဍာန်တစ်ခု လာနေသည်ကို တွေ့ရ၏။

သေသေချာချာ ကြည့်လိုက်တော့ ခွေးတစ်ကောင်။

အမည်းရောင်ခွေး။

ခွေးက ကျွန်တော့်ဆီသို့ ဦးတည်လာနေ၏။ ကျွန်တော့်ကို ဝင်တိုက်တော့မလား ထင်ရ၏။

"ဟဲ့… ခွေး"

ကျွန်တော် တစ်ချက် အော်လိုက်၏။

ခွေးကလည်း တုံ့ခနဲ ရပ်သွား၏။ ခွေးက တဟဲဟဲနှင့်။ လျှာထွက်နေ၏။

ကျွန်တော် ခွေးကို ခြောက်လှန့်ရန် ခဲတစ်လုံးကောက်ပြီး ဆတ်ခနဲ ကြည့်လိုက်တော့ ကျွန်တော် အနည်းငယ်တုန်လှုပ်သွားရ၏။

အဘယ်ကြောင့်ဆိုသော် ခွေးသည် ခုနအတိုင်း မဟုတ်တော့။

ကြီးလာ၏။

ခွေးနက်က တဖြည်းဖြည်း ကြီး၍ ကြီး၍ လာ၏။

ကျွန်တော် ကြက်သီးတွေ ဖြန်းခနဲ၊ ဖြန်းခနဲ ထနေပြီ။

ခေါင်းကလည်း ပုတ်လောက်ကြီးသွား၏။

❒

(၃)

ခွေးက သာမန်ခွေး မဟုတ်။ ခွေးသရဲမှန်း သိလိုက်သည်။ ထို့ကြောင့် ခွေးကို ခဲလုံးကောက်၍ ပစ်လိုက်၏။ ခဲလုံး ခွေးကို ထိသွားသည်ကို သိ၏။

"ဂိန်"ဟု မအော်။

တစ်ခုပဲ ထူးခြားခဲ့သည်။ ခွေးက တဖြည်းဖြည်း ကြီးလာ၏။ ကျွန်တော် မကြည့်ရဲတော့။ လွယ်အိတ်ကို စလွယ်သိုင်းပြီး မြေကြောရှုံ့ခဲ့သည်။ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်မတင်မိပါ။

စာရှုသူရော ခွေးသရဲနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲဟု မေးချင်ပါသည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

ပိုးရာဇဝင်စာအုပ်



သရဲမကြောက်သော ကျွန်တော်

သရဲကြောက်သော ကျွန်တော်

## (၁၂)

ကျွန်တော်...
သရဲမကြောက်ပါ။
ကြောက်အောင်မခြောက်သောကြောင့်ပင်။
ကြောက်အောင်ခြောက်လျှင်မူ
ကျွန်တော် ကြောက်ပါသည်။

# သရဲမကြောက်သော ကျွန်တော်
# သရဲကြောက်သော ကျွန်တော်

## (၁)

ကျွန်တော် ဝက်ထီးကန်ဘက်ကို ရောက်စဉ်က အတွေ့အကြုံတစ်ခု ရှိခဲ့သည်။

ဤကား ပရလောကနှင့် ပတ်သက်၍ ဖြစ်သည်။

ကျွန်တော်က...

"လောကမှာ သရဲတစ္ဆေ ဆိုတာ ရှိတယ်၊ ပြိတ္တာမျိုးနွယ်စုထဲမှာ သရဲတစ္ဆေဆိုတာ ပါတယ်၊ အပါယ်လေးဘုံထဲက တစ်ဘုံပဲ။ ချမ်းသာခြင်းကင်းတဲ့ဘုံ၊ ဒုက္ခဘုံဆိုလည်း မမှားဘူး၊ ဒီဘုံမှာ သနားစရာ သတ္တဝါတွေနေတယ်၊ သနားစရာပါ ဆိုမှ ဘာကြောက်စရာလိုလဲ" ဟု ကျွန်တော်က ပြောခဲ့သည်။

သည်တော့ ဦးဒိဗ္ဗက... "သရဲတစ္ဆေဆိုတာ သနားစရာ၊ ချမ်းသာခြင်းကင်းတဲ့ သတ္တဝါဖြစ်သလို တစ်ခါတစ်ရံမှာ ကြောက်စရာ သတ္တဝါလည်း ဖြစ်တယ်ကွ" ဟု ရှင်းပြ၏။

သို့သော်... ကျွန်တော်က လက်မခံပါ။

ကျွန်တော်က ပြိတ္တာနွယ်ဝင်တွေ ဖြစ်သည်။ သရဲ

တစ္ဆေ စသည့် ပရလောကသားတို့အား ကြောက်စရာဟုမမြင်ပါ။

သနားစရာသတ္တဝါဟုသာ မြင်ခဲ့၏။

ဦးဒိဗ္ဗက...

"ငါ မင်းပြောတာ လက်ခံပါတယ်၊ ဒါပေမဲ့ တစ်ယူသန်က မကောင်းဘူးကွ"

ဟု ပြောသည်။

ကျွန်တော် ပြုံးနေခဲ့သည်။

❒

(၂)

ကျွန်တော် ဝက်ထီးကန်သို့ လာခဲ့ခြင်းဖြစ်သည်။ ဝက်ထီးကန်တွင် ကျွန်တော် တွေ့ရမည့်သူအား တွေ့ခဲ့၏။

ကျွန်တော် ပြည်သို့မပြန်နိုင်ဟု သိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ပြည်သို့ပြန်ရန် ဝက်ထီးကန်မှထွက်တော့မည်ဆိုတော့ အတော်နောက်ကျနေပြီ။

ပြီးတော့ ကားလည်းငှားမရ။

ဝက်ထီးကန်မှ ထွက်လာပြီးပြီဆိုတော့ ပြန်ဖို့လည်း မလွယ်။

ဖြစ်သည့်နည်းနှင့် ပြန်ရမည်။

ထိုစဉ် မြင်းလှည်းတစ်စီး လာသည်ကို သိရ၏။ ခြူသံလည်း ကြားရသည်။

ထို့ကြောင့် ကျွန်တော် ဝမ်းသာသွားရ၏။ မြင်းလှည်းဆီသို့ အပြေးသွားမိသည်။

မြင်းလှည်းကို တားလိုက်၏။ မြင်းလှည်းပေါ်တွင် အသက်(၆၀)ဝန်းကျင် အဘိုးအိုတစ်ဦးရှိသည်။

"သူငယ် ဘယ်သွားမလို့လဲ"

အဘိုးအိုက မေး၏။

"သွားချင်တာက ပြည်လေ"

"ဒီအချိန် ပြည်ကို ဘယ်လိုသွားရတော့မလဲ"

"ဟုတ်ပါတယ်၊ ခက်တာက ဒီမှာလည်း အသိမရှိဘူး လေ"

"ဒါဆို မင်း အဘနဲ့လိုက်မလား"

ဟု မေးသည်။ "အဘက ဘယ်သွားမလို့လဲ"ဟု မေးလိုက်၏။

အဘိုးအိုက..."ငါ ဝက်ပုတ်ထိရောက်မယ်"ဟုပြောသည်။ ပြီးတော့ အဘိုးအိုက "ဝက်ပုတ်မှာတော့ တည်းခိုဖို့ ပြဿနာမရှိဘူး"ဟု ပြော၏။ ကျွန်တော်ကိုယ်တိုင်လည်း ဝက်ပုတ်ရောက်ရင် ကိစ္စမရှိ။ ဆရာတော် အရှင်ပညာနန္ဒကျောင်း ရှိသည်။

"ဟုတ်ကဲ့... ကျွန်တော် လိုက်ခဲ့ပါမယ်"

"ကဲ... ဒါဆိုလည်း တက်လေ"

ကျွန်တော် မြင်းလှည်းပေါ် တက်ခဲ့၏။ ကျွန်တော် မြင်းလှည်းပေါ်သို့ ရောက်သျှင် မြင်းလှည်းထွက်၏။

ညသည် တိတ်ဆိတ်ငြိမ်သက်မှုနှင့် လိုက်ဖက်ညီနေ၏။ ညက လကွယ်လည်းမဟုတ်။ လပြည့်လည်း မဟုတ်သည့် ည။

ကောင်းကင်၌ လတစ်ခြမ်း ရှိနေ၏။

ဒီတော့ ညသည် မှောင်သလို လင်းသလိုနှင့် လေကမူ ဝေ့ကာဝဲကာ တိုက်ခတ်နေ၏။ လေအသင့်၌ သစ်ရွက်ရိုက်သံ သစ်ကိုင်းချင်းပွတ်တိုက်သံများကို ကြားရ၏။

ညဥ့်ငှက်အော်သံတွေလည်း ကြားရ၏။

မြင်းလှည်းကမူ မြန်နေ၏။

ပတ်ဝန်းကျင်သည် ရိပ်ခနဲ၊ ရိပ်ခနဲ ကျန်ခဲ့၏။

"ညဥ့်ဟာ တကယ့်ကို ကျောချမ်းစရာပဲနော်၊ ကြောက်တတ်သူအတွက် ကြောက်စိတ်ကို ပိုကဲမှာ အမှန်ပဲ"

"မင်းပြောတာ မှန်တယ်။ ဒီအချိန်မှာ တစ္ဆေသရဲများ ခြောက်ခံရရင် ကြောက်သွားမှာ ဧကန်ပဲ"

"ကျွန်တော်ကတော့ သရဲကိုမကြောက်ဘူး၊ သရဲတစ္ဆေ ဆိုတာ ကြောက်စရာ မဟုတ်ဘူးလေ"

ဟု ပြောလိုက်သည်။ "မင်းက သရဲတစ္ဆေကို မယုံကြည်သူ ထင်တယ်"ဟု ပြော၏။

"မဟုတ်ဘူး၊ သရဲတစ္ဆေ ရှိတယ်ဆိုတာ ယုံတယ်၊ မကြောက်တော့ သရဲတစ္ဆေဆိုတာ ကြောက်စရာမဟုတ်ဘူးလေ၊ သနားစရာပဲ ဖြစ်တယ်"

အဘိုးအိုက "မင်း သရဲခြောက် မခံရဖူးဘူးနဲ့တူတယ်၊ သရဲဆိုတာ လူကို အန္တရာယ်မပြုနိုင်ပေမယ့် တစ်ခါ တစ်ခါ ကြောက်စရာ ကောင်းသကွ"ဟု ပြောသည်။

"ကျွန်တော်ကတော့ မကြောက်ပါဘူး"

ဟု ပြောလိုက်၏။

"ဒါဆို မင်းဟာ သူရဲကောင်းပေါ့"

ဟုပြောပြီး "သူငယ်... ဦးကို ဆေးလိပ်မီးကလေး တစ်တို့လောက် ပေးပါ"ဟု ပြောရာ ကျွန်တော်က "ဟုတ်ကဲ့ ခင်ဗျ"ဟု ပြောပြီး ဆေးလိပ်မီး ပေးလိုက်၏။

❐

(၃)

"အမယ်လေး"

ကျွန်တော် တုန်လှုပ်ချောက်ချားသွား၏။ လှည်းပေါ်မှ ခုန်ချပြေးမိမတတ် ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော် လှည်းဆရာအား ဆေးလိပ်မီးပေးရင်း သူ့ကို မြင်လိုက်ရာ သူ့မျက်နှာသည် လူတစ်ဦး၏မျက်နှာနှင့် မတူဘဲ၊ ကျောက်သားပြင်ကို ပြောင်ချောနေသောကြောင့်ဖြစ်သည်။

သူက ပါးစပ်မရှိဘဲ ဆေးလိပ်ဖွာနေ၏။

"သရဲ... သရဲ"

ကျွန်တော် ညည်းလိုက်၏။ ဟုတ်သည်၊ ကျွန်တော်က သရဲခြောက်ခံရပြီ။

ထို့အတူ သရဲမကြောက်ဟု ပြောခဲ့သည်မှာ မှားပြီဟု သိလိုက်၏။

လူ့သဘာဝအရ ကြောက်အောင် အခြောက်ခံရလျှင် ကြောက်ကြသည်မှာ မမှတာဖြစ်သည်ကို ကျွန်တော် သိလိုက်ပြီ။

**စာဖတ်သူများရဲ့**
**သုတေသီသက်ထွန်းမြင့်**

ဗိုးရာဇာစာအုပ်

နီဂုံး

သို့မဟုတ်

ကျွန်တော်နှင့်သရဲတစ္ဆေဝတ္ထုများ



(၃၇)

# နိဂုံး သို့မဟုတ် ကျွန်တော်နှင့်သရဲတစ္ဆေဝတ္ထုများ

(၁)

ကျွန်တော်က အချိန်ရလျှင် ရတတ်သလောက် သရဲတစ္ဆေအကြောင်းများအား စူးစမ်းသုတေသနပြု၍ စာတစ်တန်ပေတစ်ဖွဲ့ ရေးခဲ့ပါသည်။

ယင်းသို့ ရေးရသည်မှာလည်း အကြောင်းရှိပါသည်။

ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက်၊ မိမိကိုယ်မိမိ ခေတ်မီသူယောင်ဆောင်ပြီး "သရဲ၊ တစ္ဆေ"မရှိဘူး၊ မယုံဘူးဟု ပြောနေကြ၏။

စင်စစ် ထိုသူများက ခေတ်မီသူများ မဟုတ်ကြ။

အလွန်တရာ ခေတ်နောက်ကျနေသူများသာ ဖြစ်ပါသည်။

ထိုသူများက မိမိကိုယ်မိမိ ခေတ်မီသူဟု အထင်ကြီးပြီး ဘုရားမပွင့်မီ ကာလသို့ ပြန်ရောက်နေသူများဟု ဆိုရမည်။

(၂)

သရဲ တစ္ဆေ ဆိုသည် ဗုဒ္ဓညွှန်ပြသည့် အပါယ်လေးဘုံသား ပြိတ္တာများသာ ဖြစ်သည်။

သရဲ တစ္ဆေ ဆိုသည်မှာ ပြိတ္တာနွယ်ဝင်များဖြစ်၏။ လောက၌ ရှိနေသော လူသားတို့နှင့် အနီးဆုံးနေရာ၌ လှုပ်ရှားနေသူများသာ ဖြစ်၏။

လောကချင်း မတူသဖြင့် အစဉ်အမြဲ မတွေ့နိုင်ခြင်းဖြစ်၏။

တစ်ခါတစ်ရံတွင် လူတို့ကံနိမ့်ချိန်မှာ သရဲ တစ္ဆေကို တွေ့နိုင်၏။

ယင်းသို့ သရဲနှင့် တွေ့ရခြင်းသည်လည်း အကြောင်းမဲ့မဟုတ်။

အကြောင်း တစ်စုံတစ်ရာကြောင့် တွေ့ရခြင်းဖြစ်၏။

သရဲ တစ္ဆေသည် လူကို ရန်ပြုနိုင်သူ မဟုတ်။

ထို့ကြောင့် သရဲကို ကြောက်လန့်စရာမလို။

သနားဖို့သာ လိုသည်။

မေတ္တာပို့ အမျှပေးဝေခြင်းဖြင့် သူတို့အား ကူညီနိုင်ပါသည်။ ကူညီသင့်၏။

သရဲတစ္ဆေအဖြစ် မကျွတ်မလွတ်နိုင်သူတို့အား လူတို့မှ ပေတဒါနပြုပေးခြင်းဖြင့် ကျွတ်လွတ်သောဘဝ ရနိုင်သည်ကို သိထားရမည်။

လူသည် လူလူချင်း စာနာသင့်သလို၊ အပါယ်ဘုံသား သရဲတစ္ဆေတို့ကိုလည်း သနားကြင်နာသင့်သည်။

သူတို့ သာဓုခေါ်ရန် စောင့်နေသည်ကို သိရမည်။

သူတို့အား ကြင်နာပါ။

သူတို့အား အမျှပေးဝေခြင်းဖြင့် သူတို့လွတ်မြောက်ရေးကို ကူညီကြပါ။

ထို့ကြောင့်သာ တစ္ဆေဝတ္ထုများအား စူးစမ်းလေ့လာ၍ ရေးနေခြင်း ဖြစ်သည်ကို သိစေချင်ပါသည်။

စာဖတ်သူများရဲ့

သုတေသီသက်ထွန်းမြင့်